# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၂၀]


**အေးစေ မြဲစေ မေတ္တာရေ**

- နှစ်ရှာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# သန့်ရှင်းမှုဖြင့် ထိန်းသိမ်းရမည့် ချောင်းသာ၏ မနက်ခင်းများ



ချောင်းသာကမ်းခြေကို တွေ့ရစဉ်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ➤ သီသီမင်း

"ချောင်းသာကမ်းခြေ သဲသောင်ပြင်အေးအေးလေးပေါ်မှာ ခြေဗလာနဲ့ လမ်းလျှောက်ရတဲ့အရသာကို အလွန်နှစ်သက်ခဲ့ပေမယ့် အခုတော့ ပုလင်းကွဲတွေရှုမှာ၊ ငါးကင်တုတ်ချောင်းတွေစူးမှာ စိုးရိမ်လို့ လမ်းမလျှောက်ဖြစ်တာကြာပြီ"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးသန်းမြင့်က ပြောသည်။

မကြာမီရက်တွေကလည်း ချောင်းသာကမ်းခြေရှိ GRAND ဟိုတယ်နှင့် BELLE ဟိုတယ်တို့မှ ကမ်းခြေသို့ ရေဆိုး ဖောက်ချမှုသတင်းကလည်း ပျံ့နှံ့လျက်ရှိရာ ချောင်းသာကျေးရွာ ဒေသခံများနှင့်အတူ စိုးရိမ်ပူပန်နေရသည်။

"အခုရက်ပိုင်းအတွင်းမှာ ဟိုတယ်တချို့က ရေဆိုးတွေ ကမ်းခြေကို ဖောက်ချနေတယ်လို့ကြားရတော့ အလွန်ကို စိတ်ပူတယ်"ဟု ဦးသန်းမြင့်က ဆက်လက်ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့အတွင်းတည်ရှိသည့် ချောင်းသာကျေးရွာလေး၌ သူနေထိုင်လာခဲ့သည်မှာ ယခုအခါသက်တမ်းအားဖြင့် ၅၀ ကျော်လာခဲ့ပြီဖြစ်သည်။ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များနှင့် အထူးစည်ကားပြီး နာမည်ကျော်လူသိများသည့်

*စာမျက်နှာ ၈ ကော်လံ ၁* *

**ပြည်တွင်း**

## နှစ်ပေါင်း ၁၀၀ နီးပါးသက်တမ်းရှိ ကြေးခေါင်းလောင်းကြီး ထိန်းသိမ်းထား

စာမျက်နှာ ➤ ၂

**နိုင်ငံတကာ**

## ဆီးရီးယားနိုင်ငံ၏ ကန့်သတ်ချက်ကြောင့် ရွှေ့ပြောင်းနေထိုင်သူများ နယ်စပ်၌ သောင်တင်နေ

စာမျက်နှာ ➤ ၄

**အားကစား**

## နယူးကာဆယ်တို့ ပရီမီယာလိဂ် ပထမဆုံးနိုင်ပွဲကို ဂိုးပြတ်အောင်ပွဲခံ

စာမျက်နှာ ➤ ၁၄




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြစ်ရေကြီးမှုကာကွယ်ရေး အလားအလာ

မြန်မာနိုင်ငံတစ်ဝန်း ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူသိန်းနှင့်ချီ၍ ရေဘေးဒုက္ခများ ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်။ အထူးသဖြင့် မိုးတွင်းကာလများတွင် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသနေပြည်သူများသည် နှစ်စဉ်မြစ်ရေကြီးမှု သဘာဝဘေးဒဏ်ကို ကြုံတွေ့ခံစားကြရပါသည်။ မြစ်ရေကြီးမှုကြောင့် ဒေသနေပြည်သူများသာမက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရှိန်အဟုန်အားကောင်းနေသော စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်နေပါသည်။ တစ်နည်းအားဖြင့် တစ်မျိုးသားလုံးနှင့်ဆိုင်သော စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်စေလျက်ရှိပါသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ လယ်ယာနှင့် သားငါးထုတ်လုပ်မှုထိပ်ဆုံးနေရာတွင် ရှိနေပါသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ကမ်းရိုးတန်းဒေသများ ရေကြီးရေလျှံမှုများကြောင့် လူတို့၏ အသက်အိုးအိမ်စည်းစိမ်များသာမက စီးပွားရေးလုပ်ငန်းများကိုပါ များစွာထိခိုက်နိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေဘေးလွန်ကာလ လိုအပ်ချက်များဆန်းစစ်ချက်ကို ကမ္ဘာ့ဘဏ်၊ အီးယူ၊ ဂျိုက်ကာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မကြာသေးမီက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်းရှိ တာတမံ ၂၃ ခု၊ ရေအမှတ်စခန်းနှစ်ခု၊ တမံတစ်ခု၊ ရေထိန်းတံခါးတစ်ခု စုစုပေါင်း နေရာ ၃၂ နေရာကို လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ပြီး ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် ရေကြီးရေလျှံမှုကာကွယ်ရေး ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

မကြာသေးမီက နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်အတွင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် မြစ်ရေကြီးမှု သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်နိုင်ရန် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ တာ ၁၂ ခု၏ စုစုပေါင်း တာတမံ အလျား ၄၁၇ ဒသမ ၆၂ မိုင်ကို မူလထိပ်အမြင့်မှ အထက်ငါးပေမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ပွင့်လင်းရာသီတွင် ပြုပြင်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့ကြောင့် လာမည့် မိုးရာသီကာလတွင် နှစ်စဉ်မြစ်ရေကြီးမှုကြောင့် ရေဘေးဒုက္ခကြုံတွေ့ရမှုများ လျော့ပါးသက်သာလာအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။ သို့ဖြစ်၍ မြစ်ရေကြီးမှုကြောင့် သဘာဝဘေးအန္တရာယ်များ ထပ်မံမကြုံတွေ့စေရန် ပြည်တွင်းပြည်ပ အတတ်ပညာရှင်များ၊ လေ့လာဆန်းစစ်ချက်များအပေါ်တွင် အခြေခံပြီး စီမံကိန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# သန်းခေါင်စာရင်းအချက်အလက်များဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း ဆောင်ရွက်

**လှိုင်လင် အောက်တိုဘာ ၁၉**

လှိုင်လင်မြို့နယ်တွင် ၂၀၁၄ ခုနှစ်ကကောက်ယူခဲ့သော သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လှိုင်လင်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က အမှာစကားပြောကြားခဲ့ပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးလှစိုးက သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ လှိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ သန်းခေါင်စာရင်း ကော်မတီဝင်များ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ထိုသင်တန်းအား အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက် ပို့ချဆွေးနွေးမည်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်သွင်၊ လက်ထောက်ညွှန်ကြားရေးမှူး



ဒေါ်အေးသိန်းနှင့် Capacity Building Initiativeအဖွဲ့မှ ဦးစောရေမွန်တို့က ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး လှိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့မှ သန်းခေါင်စာရင်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၆၅ ဦး တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# လက်ပံတန်းဆေးရုံ၏ ဆရာဝန်လိုအပ်ချက်ပြည့်မီစေလို

**ထင်သာမြင်သာ ပြုပြင်စရာ**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ရှိ ခုတင် ၅၀ ဆံ့ဆေးရုံကြီးတွင် သန့်ရှင်းရေးပိုမိုကောင်းမွန်လျက်ရှိပြီး မီးများပြန်လည်ပြင်ဆင်ခြင်းနှင့် အဆောက်အအုံများ မွမ်းမံပြင်ဆင်ပြီး လူနာများအတွက် လိုအပ်သည့် ရေစင်များ၊ အိမ်သာများ ထပ်မံဆောက်လုပ်ထားသည့်အပြင် ဆေးဝါးများလည်း အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိသည်။

ယခင်က လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီးမှာ ဆေးရုံအုပ်ကြီးနှင့်အတူ သားဖွား/မီးယပ်အထူးကုဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန်လေးဦးဖြင့် ဆေးဝါးများကုသပေးခဲ့ပြီး လူမှုရေးအဖွဲ့အစည်းများဖြစ်သည့် နာရေးကူညီမှု ဖြူစင်မေတ္တာ၊ ဖြူစင်စေတနာ၊ ကြက်ခြေနီတို့မှ လူနာတင်ယာဉ်များမှလည်း လူနာများကို ကူညီပို့ဆောင်ပေးနေကြ၍ မြို့နေပြည်သူများအားထားရသည့် ဆေးရုံကြီးဖြစ်သည်။

ပြင်ပဆေးရုံ ဆေးခန်းများ ပေါ်များလာသော်လည်း အစိုးရဆေးရုံများကိုသာ ပြည်သူများက အားကိုးကြပါသည်။ သို့သော် လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်နှင့် သူနာပြုဆရာမများ လုံလောက်စွာ မရှိသည့်အတွက် ဆေးကုသမှုများနှင့် အရေးပေါ်ကုသပေးမှုများတွင် အခက်အခဲများစွာကို လက်ပံတန်းဒေသခံများ ခံစားနေကြရသည်။

နိုင်ငံတော်မှ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်နှင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အလေးထားဆောင်ရွက်နေချိန်တွင် ပဲခူးတိုင်းဒေသကြီး၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော လက်ပံတန်းဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးတစ်ဦးတည်းဖြင့် ဆေးဝါးကုသပေးနေရခြင်းကြောင့် ဆရာဝန်များလုံလောက်မှုမရှိသည့်အတွက် ဆရာဝန်များ အမြန်ဆုံးဖြည့်ဆည်းပေးရန် မြို့နယ်နေပြည်သူများက လိုလားလျက်ရှိနေကြကြောင်း သိရသည်။

(၀၉၈)



# နှစ်ပေါင်း ၁၀၀ နီးပါးသက်တမ်းရှိ ကြေးခေါင်းလောင်းကြီး ထိန်းသိမ်းထား

**မိတ္ထီလာ အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း ၂၈၅ မိုင်အနီးရှိ သီးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ထူးခြားသည့် ပန်းတဥ်းလက်ရာများပါဝင်သည့် နှစ်ပေါင်း ၁၀၀ နီးပါး သက်တမ်းရှိသည့် ကြေးခေါင်းလောင်းကြီးကို ထိန်းသိမ်းထားရှိကြောင်း သိရသည်။ "ကြေးခေါင်းလောင်းကြီးကို အနီးပတ်ဝန်းကျင်ကျေးရွာတွေဖြစ်တဲ့ တုံးအိုင်၊ မကျီးပင်တဲအပါအဝင် ကျေးရွာများက စေတနာရှင်တွေ စုပေါင်းပြီးလှူဒါန်းခဲ့တာပါ။ ခေါင်းလောင်းကွင်းအထက်ဆုံးမှာ မောင်မဲ့ဆိုတဲ့အမည်စာလုံးကို မင်းသားတစ်ပါးက လက်နှစ်ဖက်နဲ့ မ,ပြီး ခေါင်းပေါ်တင်ထားတယ်။ ခေါင်းလောင်းကွင်းကို လက်ရာမြောက်တဲ့ ကိန္နရာမောင်နှံ ကျောချင်းကပ် ကနေတဲ့ဟန်နဲ့ ပြုလုပ်ထားတယ်။ ခေါင်းလောင်းအောက်နှုတ်ခမ်းနားတွေကိုလည်း တွေ့ရခဲတဲ့ ဘီးလူးပန်းဆွဲဟန်တွေ ပတ်ပတ်လည် သွန်းလောင်းထားတယ်" ဟု သီးကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းမှ ကပ္ပိယကြီးတစ်ဦးက ပြောသည်။ ထိုခေါင်းလောင်းတွင် ခေါင်းလောင်းစာများရေးထိုးထားပြီး မိတ္ထီလာမြို့ ပန်းသီဂုံးကြောင်း၊ သက္ကရာဇ် ၁၂၈၀ ပြည့်၊ တုံးအိုင်ကျေးရွာနေ အလှူရှင်များအမည်တို့ကိုတွေ့ရပြီး အောက်ဆုံးတွင် ပခင်းဆရာ မောင်မှဲ့လက်ရာ ကြေးချိန်ခွက် ၈၃၅၀ ဟု ရေးထိုးထားသည်ကို တွေ့ရသည်။

ချမ်းသာ(မိတ္ထီလာ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၃ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၂၆.၈၉ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅.၂၉ |

ခင်ရတနာ-စုစည်းသည်။

၁၂-၁၀-၂၀၁၅ မှ ၁၆-၁၀-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၂၄ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၈၄ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# နိုဝင်ဘာ ၈ ရက် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပွင့်လင်းမြင်သာပြီး တရားမျှတမှုရှိရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂ ရွေးကောက်ပွဲ လေ့လာရေးအဖွဲ့အကြီးအကဲ၊ ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒား ဂရက်ဖ် လမ်းဘ်စဒေါ့ဖ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာလည်း တက်ရောက်သည်။

တွေ့ဆုံစဉ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပွင့်လင်းမြင်သာပြီး တရားမျှတမှုရှိရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက် မဲဆန္ဒရှင်စာရင်း တိုးတက်နိုင်မှုအခြေအနေ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်သမ္မတ၏ လက်ထောက်နှင့် မဟာဗျူဟာဆက်ဆံရေးနှင့် မိန့်ခွန်းရေးသားရေးဌာနမှ ဒုတိယအမျိုးသားလုံခြုံရေးအကြံပေး မစ္စတာ ဘင်ဂျမင်ရိုဒက်စ်နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ကော်မရှင်ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲစာရင်းပြုစုသည့်စနစ်၊ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်နှင့်စောင့်ကြည့်လေ့လာနိုင်သည့်အခြေအနေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်မှု၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ၂၀၁၃ခုနှစ်မှစ၍ မဟာဗျူဟာ စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် နံနက် ၁၁ နာရီတွင် EU EOM ၏ လေ့လာသူအကြီးအကဲ၊ ဥရောပလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒား ဂရက်ဖ် လမ်းဘ်စဒေါ့ဖ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရန် ဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ပေးမည့်အခြေအနေ၊ မဲဆွယ်စည်းရုံးမှုကာလအတွင်း နိုင်ငံရေးပါတီများမှ ဖြစ်ပွားသည့် ပြဿနာများ တင်ပြချက်အပေါ် ဖြေရှင်းဆောင်ရွက်မှုအခြေအနေနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက် မဲဆန္ဒရှင်စာရင်း တိုးတက်နိုင်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၈ ရက်၌ စုစုပေါင်း ၁၈ ရုံးတွင် ၅၅၉၂ ဦး ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည်။

အောက်တိုဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ကြိုတင်ဆန္ဒမဲပေးသူ ၁၇၄၉၈ ဦးရှိပြီဖြစ်ကြောင်းနှင့် ကြိုတင်ဆန္ဒမဲလာရောက်ပေးကြသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် လိုအပ်သည်များ စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မန်စီ၌ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်

**မန်စီ အောက်တိုဘာ ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်မောင်က အမှာစကားပြောကြားကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသိန်းဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုလည်းကောင်း၊ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ၊ ကြိုတင်မဲပေးခြင်း၊ မဲရုံ၌ ထားရှိရမည့် ပုံစံများ၊ မဲရုံဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း၊ မဲရလဒ်များ ရေတွက်ခြင်းဆိုင်ရာများကို ဆွေးနွေးပြီး တက်ရောက်လာကြသည့် သင်တန်းသားများက မရှင်းလင်းသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြပြီး အဖွဲ့ဝင်များ၏တာဝန်များ၊ ပယ်မဲ၊ ခိုင်လုံမဲများ အတည်ပြုမဲဆိုင်ရာများကို လက်တွေ့သရုပ်ပြခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၂၁ အုပ်စုမှ မဲရုံးမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် သင်တန်းသား ၅၇၀ တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်ကြာပို့ချပေးခြင်းဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

# အဝေးသင်တက္ကသိုလ်များ၏ တတိယအသုတ် အနီးကပ်သင်တန်းပို့ချမည့်ရက်နှင့် စာမေးပွဲကျင်းပမည့်ရက်များ ပြင်ဆင်သတ်မှတ်ခြင်း

(၁၀-၁၁-၂၀၁၅) ရက် အင်္ဂါနေ့သည် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်သော ဒီပါဝလီနေ့ဖြစ်သောကြောင့် အဝေးသင်တတိယအသုတ် ကျောင်းသား၊ ကျောင်းသူများ၏ အနီးကပ်သင်တန်းပို့ချမည့်ရက်များကို ယခင်ကကြေညာထားသည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့အစား ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ စတင်တက်ရောက်ကြရန်နှင့် စာမေးပွဲ ကျင်းပမည့်ရက်ကို (၂၁-၁၁-၂၀၁၅) ရက်နေ့မှ (၃၀-၁၁-၂၀၁၅) ရက်နေ့အစား (၂၃-၁၁-၂၀၁၅) ရက်နေ့မှ (၁-၁၂-၂၀၁၅) ရက်နေ့သို့ ပြင်ဆင်သတ်မှတ်ပေးလိုက်သည်။

**အဝေးသင်တတိယအသုတ်သင်တန်း**

| သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်းများ ပို့ချက်မည့်ရက် | စာမေးပွဲ ကျင်းပမည့်ရက် |
|---|---|---|---|
| ပထမနှစ် မှ စတုတ္ထနှစ်ထိ | မြန်မာစာ၊ မြန်မာမှုရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ | ၁၁-၁၁-၂၀၁၅ မှ ၂၀-၁၁-၂၀၁၅ ထိ | ၂၃-၁၁-၂၀၁၅ မှ ၁-၁၂-၂၀၁၅ ထိ |

အသေးစိတ်အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**မန္တလေး အဝေးသင်တက္ကသိုလ်**

## လက်နှိပ်ရေတုံကင်တူးဖော်မှု ကွင်းဆင်းဆောင်ရွက်

**မိုးမောက် အောက်တိုဘာ ၁၉** ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ ကျေးလက်နေပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၄ ဒသမ ၅ သန်းဖြင့် ကြံခင်းကျေးရွာနှင့် မံပုံကျေးရွာတို့၌ လက်နှိပ်ရေတုံကင်တွင်း ခြောက်တွင်း တူးဖော်ဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းနှင့် တာဝန်ရှိသူများ အောက်တိုဘာ ၁၈ ရက်က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အီရန်နျူကလီးယား သဘောတူညီချက် စတင်အကောင်အထည်ဖော်



**တီဟီရန် အောက်တိုဘာ ၁၉**

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ကရစ်နှင့် ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံခြားရေးအကြီးအကဲ ဖက်ဒါရီကာမိုဟာရီနီတို့သည် တနင်္ဂနွေနေ့က ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်ရာ အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံတို့အကြား ဇူလိုင်လက သဘောတူခဲ့သော နျူကလီးယားစာချုပ်ကို စတင်အကောင်အထည်ဖော်ရန် ကြေညာလိုက်ကြောင်း အီရန်နိုင်ငံခြားရေးရုံးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယခုအခါအီရန်က ၎င်း၏ ပူးတွဲအကောင်အထည်ဖော်ရေးအဖွဲ့နှင့် နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့တို့က အဆိုပါ နျူကလီးယားစာချုပ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဇူလိုင် ၁၄ ရက်က သဘောတူညီခဲ့သော နျူကလီးယားသဘောတူစာချုပ်အရ အီရန်အနေဖြင့် ၎င်း၏ နျူကလီးယားအစီအစဉ်ကို ထင်သာမြင်သာရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယူရေနီယံသန့်စင်မှုကို ကန့်သတ်မှုဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအပေါ် နိုင်ငံတကာနှင့် အနောက်နိုင်ငံများက အရေးယူပိတ်ဆို့ထားမှုများကို ဖြေလျှော့ပေးရမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါ သဘောတူစာချုပ်သည် လုံခြုံရေးကောင်စီက လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀ အတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ရာ အောက်တိုဘာ ၁၈ ရက်က စတင်ကာ အကျိုးသက်ရောက်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

## ကနေဒါရွေးကောက်ပွဲ အတိုက်အခံပါတီအနိုင်ရနိုင်

**အော့တဝါ အောက်တိုဘာ ၁၉**

ကနေဒါနိုင်ငံသားများသည် အောက်တိုဘာ ၁၉ ရက်က အထွေထွေရွေးကောက်ပွဲတွင် မဲပေးခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ နိုင်ငံသားအားလုံးက အတိုက်အခံပါတီသည် ကွန်ဆာဗေးတစ်အုပ်ချုပ်ရေးသမား ဝန်ကြီးချုပ် စတီဗင်ဟာဗာ၏ ဆယ်စုနှစ်များကို အဆုံးသတ်ပေးနိုင်မလားဆိုသည်ကို စိတ်ဝင်စားနေကြသည်။ ဒုက္ခသည်များကို ပိုမိုလက်ခံမည်ဟူသော ကတိပေးမှုနှင့်အတူ ဂျက်စတင်ထရူဒိုးဦးဆောင်သော လစ်ဘရယ်ပါတီက ငါးမှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။ ဝန်ကြီးချုပ်ဟာဖာက ဩဂုတ်လတွင် အောက်လွှတ်တော်ကို ဖျက်သိမ်းမှုပြုခဲ့ပြီးနောက် ရွေးကောက်ပွဲကျင်းပရန် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခုရွေးကောက်ပွဲသည် လေးနှစ်အတွင်း ကနေဒါ၏ ပထမဆုံး အထွေထွေရွေးကောက်ပွဲဖြစ်ကြောင်း သိရသည်။ ကနေဒါသည် ဒုက္ခသည်များအပေါ် တံခါးဖွင့်ဝါဒလက်ခံကျင့်သုံးခဲ့သော နိုင်ငံဖြစ်ပြီး ကနေဒါ နိုင်ငံသားများက မဲပေးရာ၌ ဒုက္ခသည်အရေးကို ဦးစားပေးသူများကို ရွေးချယ်ပေးနိုင်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## တရုတ်စီးပွားရေးတိုးတက်နှုန်းကျဆင်း

**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၁၅ ခုနှစ် တတိယသုံးလပတ်အတွင်း နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု ၆ ဒသမ ၉ ရာခိုင်နှုန်းသာဖွံ့ဖြိုးမှုရှိခဲ့ပြီး ပထမနှစ်ဝက်ကထက် ကျဆင်းခဲ့ကြောင်း တနင်္လာနေ့တွင် ကြေညာသည်။ တရုတ်နိုင်ငံ၏ တတိယသုံးလပတ်ဂျီဒီပီသည် ၄၈ ဒသမ ၇၈ ထရီလီယံယွမ် (အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၈ ထရီလီယံ) ရှိရာ နှစ်ချင်းအလိုက် ၆ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း အဆိုပါ စာရင်းအင်းဗျူရိုက ပြောသည်။ ကမ္ဘာ့စီးပွားရေး ပြန်လည်ကောင်းမှုလာမှုသည် တရုတ်နိုင်ငံကို အကျိုးသက်ရောက်မှုရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ လျန်လိုက်ယွန်းက ပြောသည်။ ယခုစီးပွားရေးကျဆင်းမှုသည် ၂၀၀၉ ခုနှစ် ဒုတိယသုံးလပတ်နောက်ပိုင်း ၇ ရာခိုင်နှုန်း အောက်ကျဆင်းခဲ့သည်ဟုဆိုသည်။ **(ဆင်ဟွာ)**

## ဆလိုဗေးနီးယား၏ ကန့်သတ်ချက်ကြောင့် ရွှေ့ပြောင်းနေထိုင်သူများ နယ်စပ်၌ သောင်တင်နေ

**အီးယူ အောက်တိုဘာ ၁၉**

ဆားဘီးယားမှ ခရိုအေးရှားနိုင်ငံသို့ ဝင်ရောက်ရန် ကြိုးစားနေသော ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းနေထိုင်သူများသည် ဆလိုဗေးနီးယားက ရွှေ့ပြောင်းနေထိုင်သူများအား အနောက်ဥရောပသို့ ဝင်ရောက်ရန် ကန့်သတ်လိုက်ပြီးနောက် နယ်စပ်၌ သောင်တင်နေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ခရိုအေးရှား အနောက်ပိုင်းတွင် ရွှေ့ပြောင်းနေထိုင်သူ ၂၀၀၀ ကျော်တို့သည် ဆလိုဗေးနီးယားနယ်စပ်၌ ရထားတစ်စင်းအတွင်း သောင်တင်နေကြပြီး အနီးပတ်ဝန်းကျင်တို့၌ ရွက်ဖျင်တဲများထိုး၍ နေထိုင်ကြရသည်ဟု ဆိုသည်။ ဟန်ဂေရီက သောကြာနေ့တွင် ခရိုအေးရှားနှင့် နယ်စပ်ကို ပိတ်ထားသည်။

ယင်းတို့သည် ဩစတြီးယားနှင့် ဂျာမနီနိုင်ငံသို့ ဆလိုဗေးနီးယားနိုင်ငံမှတစ်ဆင့် ဝင်ရောက်ရန် ကြိုးစားလျက်ရှိသည်။ အဆိုပါ ရွှေ့ပြောင်းနေထိုင်သူ အများစုသည် ဆီးရီးယားစစ်ပွဲမှ ထွက်ပြေးလာကြသူများဖြစ်သည်ဟု ဆိုသည်။

သို့သော်လည်း ဆလိုဗေးနီးယားက နေ့စဉ်လူပေါင်း ၂၅၀၀ ခန့်သာ ဝင်ရောက်ခွင့်ပေးရန် ကန့်သတ်လိုက်သည်။

ဩစတြီးယားအနေဖြင့် ယခင်ဟန်ဂေရီ လမ်းကြောင်းမှ ဝင်ရောက်မှုထက်နည်းပြီး လူပေါင်း ၁၅၀၀ ခန့်သာ နေ့စဉ်လက်ခံသွားမည်ဟု ဆိုသည်။ **(ရိုက်တာ)**



## ဆီးရီးယား၌ အမေရိကန်လေကြောင်းချီတိုက်ခိုက်မှုအတွင်း အယ်ခိုင်ဒါထိပ်တန်းခေါင်းဆောင် သေဆုံးခဲ့ဟုဆို

**ဝါရှင်တန် အောက်တိုဘာ ၁၉**

ခိုရာဆန်အုပ်စုဟု နာမည်ကြီးသော အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်၏ အဆင့်မြင့်ဆုံးခေါင်းဆောင်တစ်ဦးဖြစ်သည့် မိုဆန်အက်ဘာလာ အီဘရာဟင်သည် မကြာသေးမီက ပြုလုပ်ခဲ့သော လေကြောင်းချီတိုက်ခိုက်မှု၌ ကျဆုံးခဲ့ကြောင်း ပင်တဂွန်က အောက်တိုဘာ ၁၈ ရက်က ကြေညာခဲ့သည်။



ထို့ပြင် အောက်တိုဘာ ၁၅ ရက်တွင် ဆီးရီးယားအနောက်မြောက် လေကြောင်းတိုက်ခိုက်မှု၌ ဆနာဖိဘယ်လ်နာဘာဟုခေါ်သော ချာရက်စ်လည်း ကျဆုံးခဲ့ကြောင်း ပင်တဂွန် က ယင်းကြေညာချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်နိုင်ငံများကို တိုက်ခိုက်ရန် စီစဉ်နေသည့် ခိုရာဆန်အုပ်စုကို ထိရောက်စွာ နှိမ်နင်းနိုင်ခဲ့ခြင်းက ရန်သူများကို နောက်နောင်ထိုသို့အန္တရာယ်မပြုနိုင်ရန် သက်သေပြခြင်းပင်ဖြစ်ကြောင်း ပင်တဂွန်က ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

## ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း သဘော်နှစ်မြုပ် လူခုနစ်ဦးသေဆုံး

**မနီလာ အောက်တိုဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း အီလွိုင်လိုဂူမာရက်စ်ရေလက်ကြားတွင် အောက်တိုဘာ ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီက ခရီးသည် ၃၆ ဦး တင်ဆောင်လာသော ရေယာဉ်တစ်စီး နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ လူခုနစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း အောက်တိုဘာ ၁၉ ရက်က ဒေသဆိုင်ရာ ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

အီလွိုင်လို ကမ်းခြေစောင့် ပြည်သူ့ရေးရာရုံးက “တာဝက်ရှ်” ဟု ခေါ်သော ယင်းရေယာဉ်သည် အီလွိုင်လိုမြို့မှ ခရီးသည် ၃၆ ဦးနှင့်အတူ အမှုထမ်း ငါးဦးလိုက်ပါလျက် ဂူမာရက်စ်သို့ အသွား ပင်လယ်၏အလယ် အရောက်တွင် ရုတ်တရက် လှိုင်းထန်ပြီး ပင်လယ်ပြင်အခြေအနေမှာ ဆိုးရွားလာသောကြောင့် ယင်းရေယာဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။ အဆိုပါရေယာဉ် သည် အီလွိုင်လိုမြစ်ဝမှ ၁၂ မိုင်အကွာတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များက ရေနစ်သူများကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်စဉ် ခြောက်နှစ်အရွယ် ကလေးတစ်ဦး အပါအဝင် အခြား ငါးဦး အသက်ဆုံးရှုံးခဲ့ရသည်။ ကျန်တစ်ဦးမှာ ဆေးရုံရောက်ပြီး ဆေးကုသမှုခံယူစဉ် သေဆုံးသွားကြောင်း သိရသည်။

ပျောက်ဆုံးနှစ်ဦးရှာဖွေရေးအစီအစဉ်များကို ပင်လယ်ပြင် ရာသီဥတုအခြေအနေဆိုးသောကြောင့် ခေတ္တခဏ ရပ်ထားခဲ့ရကြောင်း ရာသီဥတု ပြန်လည်ကောင်းမွန်လာသည်နှင့် ရှာဖွေမှုများကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဒေသအခေါ်အဝေါ် လန်ဒိုဟုခေါ်သော ဖိလစ်ပိုင် ကွတ်ပူမုန်တိုင်းသည် ဖိလစ်ပိုင် အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်သွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးနှင့်စပ်လျဉ်းသည့် တပ်မတော်၏အခန်းကဏ္ဍဆိုင်ရာများဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပသမဂ္ဂ၏ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အကြီးအကဲ မစ္စတာ အလက်ဇန္ဒား ဂရက်ဖ် လမ်းဘ်စဒေါ့ဖ်အား လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးနှင့် စပ်လျဉ်းသည့် တပ်မတော်၏ အခန်းကဏ္ဍဆိုင်ရာများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မစ္စတာ အလက်ဇန္ဒား ဂရက်ဖ် လမ်းဘ်စဒေါ့ဖ်နှင့် ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာတို့ တက်ရောက်ကြသည်။ **(မြဝတီ)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌနှင့် ဥရောပသမဂ္ဂ၏ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အကြီးအကဲ မစ္စတာ အလက်ဇန္ဒား ဂရက်ဖ် လမ်းဘ်စဒေါ့ဖ်၊ သံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (မြဝတီ)



## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၌ နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

## ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုသည် အမေရိကန်သမ္မတ၏ လက်ထောက်၊ မဟာဗျူဟာဆက်ဆံရေးနှင့် မိန့်ခွန်းရေးသားရေးဌာန ဒုတိယအမျိုးသားလုံခြုံရေးအကြံပေး Mr. Benjamin Rhodes ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## နည်းပညာနှင့် သက်မွေးပညာကဏ္ဍမြှင့်တင်ရေးနှင့် ဂျီတီအိုင် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ညှိနှိုင်းဆွေးနွေး



**ရန်ကုန် အောက်တိုဘာ ၁၉**

နည်းပညာနှင့် သက်မွေးပညာကဏ္ဍ မြှင့်တင်ရေးနှင့် ဂျီတီအိုင် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ ပညာရေး အကြံပေးအဖွဲ့ဝင် ဒေါက်တာသန်းဦး၊ အဆင့်မြင့်နည်းပညာ တက္ကသိုလ်များ၏ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးညီလှငယ်၊ ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း နာယကနှင့် အဖွဲ့ဝင်များ၊ GIZ ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နည်းပညာနှင့် သက်မွေးပညာကဏ္ဍ မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရေး၊ သက်မွေးပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသော သက်မွေးပညာ ဆရာနှင့် နည်းပြများ မွေးထုတ်နိုင်ရေး၊ လက်တွေ့တတ်ကျွမ်းမှုကို ဦးစားပေးသည့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲနိုင်ရေးနှင့် သက်မွေးပညာရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဂျီတီအိုင် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပနိုင်ရေး ဆွေးနွေးကြသည်။ ဂျီတီအိုင် ကျောင်းသားဟောင်းများအသင်းက ကြီးမှူး၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဂျီတီအိုင် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ ပထမဆုံး မြန်မာနိုင်ငံ စက်မှုလက်မှုသိပ္ပံ Government Engineering School ကို ၁၈၉၅ ခုနှစ် ဧပြီ ၁ ရက်က ဖွင့်လှစ်ခဲ့ပြီး အင်းစိန် GTI အဆောက်အအုံသို့ ၁၉၀၈ ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ လက်ရှိတွင် အင်းစိန် GTI ကျောင်း၌ AGTI Society၊ ဂျပန်နိုင်ငံ KINDEN Corporation နှင့် SUMITOMO Corporation တို့ ပူးပေါင်း၍ Sakura-Insein Technical Centre တွင် High Tension Line Installation Course၊ Commercial Wiring Course၊ Estimating Course နှင့် Safety Course သင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။ **(သတင်းစဉ်)**

## ကောင်းကင်သစ် မဂ္ဂဇင်းထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် နွမ်းပါးမိသားစုရင်သွေးများ ပညာရေးရန်ပုံငွေအတွက် ရည်ရွယ်ထုတ်ဝေသည့် "ကောင်းကင်သစ်မဂ္ဂဇင်း" အောက်တိုဘာလ အတွဲ(၁)၊ အမှတ်(၃) ထွက်ရှိလာသည်။

အဆိုပါမဂ္ဂဇင်းတွင် မဂ္ဂဇင်းတစ်စောင်၌ ပါသင့်ပါထိုက်သော အကြောင်းအရာများကို စုံလင်ဝေဆာစွာ ထည့်သွင်းဖော်ပြပေးထားသည်။ ဓမ္မဆောင်းပါးကဏ္ဍတွင် မြသန်းစံ၏ အမေဆောင်းပါး၊ ကဗျာကဏ္ဍတွင် မြင့်ဦးဦးမြင့်နှင့် မောင်မောက်(ဥက္ကလာ)တို့၏ ကဗျာများ၊ မြန်မာ့ရုပ်ရှင်နေ့ဂုဏ်ပြုဆောင်းပါး၊ နှစ်နှစ်တာအတွက်မယ်စကြဝဠာမြန်မာ၊ ကြယ်နှစ်စင်း တစ်ပြိုင်တည်းထွန်းလင်းတဲ့ အမှတ်တရညာ၊ နိုင်ငံရေးတွေ မပြောချင်ဘူးဆိုသည့် မေခလာနှင့် တွေ့ဆုံခြင်း၊ အကယ်ဒမီမေသန်းနုနှင့် တွေ့ဆုံခြင်း၊ အနုပညာလောကထဲသို့ မျက်စိစုံမှိတ်ဝင်မည့် သရုပ်ဆောင်သစ်၊ အနုပညာလောကကြီးတဲ့သူ သို့မဟုတ် ဂုဏ်ရှိန်ဝင့်ထည် စသည့် အနုပညာရပ်ဝန်းများကို ဖော်ပြထားသည်။

ယခုအပတ် အထူးပြုကဏ္ဍအနေဖြင့် ရဲထွဋ်၏ ဈေးကွက်၊ အနုပညာနဲ့စီးပွားရေး၊ နိုင်ငံတကာရုပ်ရှင်လောကမှ စီးပွားရေးလုပ်ငန်းရှင်၊ ခေတ်ကိုထင်ဟပ်တဲ့ ယနေ့ပြက္ခဒိန်ဈေးကွက်၊ လက်ရှိဗီဒီယိုဈေးကွက် ကျဆင်းနေတဲ့ ပြဿနာဘာလဲ၊ အနုပညာဆန်တဲ့ စီးပွားရေး၊ မြတ်ခိုင်၏ ပုဂ္ဂလိကစာနယ်ဇင်းများနှင့် ဒွေးဂယက်၊ မျိုးသာထက်၏ လန်ဒန်တွင် ရုပ်ရှင်ကြည့်ခဲ့ဖူးတယ်၊ ရင်သွေးငယ်ပညာရေးအတွက် မိခင်နှစ်ဦးရဲ့ စွန့်စားခန်း၊ မဟာဆန်တဲ့မာယာမျက်နှာဖုံး နောက်ကွယ်က အခြေခံအလုပ်သမားတို့ဘဝ စသည်တို့ပါဝင်သည်။




ထို့အပြင် အကယ်ဒမီကျော်သူနှင့် တွေ့ဆုံခြင်း၊ အကြည်တော်ရဲ့ ပြတ်ပြီဒါပဲ၊ ဖြစ်ရပ်မှန်ရုပ်ရှင်ဇာတ်လမ်း၊ အမေရုပ်ရှင်ထုတ်လုပ်ရေးနဲ့ မေသန်းနုရဲ့စကားသံများ၊ ဗီယက်နမ်မင်းသမီး၊ ဂီတဖက်ရှင် အကရုပ်ရှင်ပါရိုက်တော့မယ့် အမွန်းတို့လည်းပါဝင်ပြီး ဝတ္ထုကဏ္ဍတွင် မင်းကိုနိုင်ရဲ့ ကျေးဇူးတင်ပါသည်တို့ကို ဖော်ပြထားရာ စိတ်ကြိုက်ဖတ်ရှုရမည့် မဂ္ဂဇင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ကောင်းကင်သစ်မီဒီယာ အခန်းအမှတ်(၆၀၂)ခြောက်လွှာ အောင်ဇေယျကွန်ဒို သိပ္ပံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၃၇၁၄၀ က တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

**(မြန်မာ့အလင်း)**

*(The Global New Light of Myanmar သတင်းစာတွင် အောက်တိုဘာလ ၁၈ ရက် ဖော်ပြခဲ့သော ဆောင်းပါးရှင် ဦးသန်းဋ္ဌေး၏ KEEP IT UP, Mr. PRESIDENT! ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်)*

# ခရီးဆက်ပါ သမ္မတကြီးခင်ဗျား

ဘာသာပြန် - ကြယ်စင်သာ

သမ္မတကြီးဦးဆောင်သည့် အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်အချို့အပေါ် ပြစ်တင်ဝေဖန်မှုများ ရှိနေလင့်ကစား ကျွန်တော်တို့ အငြိမ်းစားအများစု အနေဖြင့်မူ သမ္မတကြီး၏ ရိုးသားမှု၊ စေတနာသဒ္ဓါတရားနှင့် သတ္တိတို့ကို လေးစားချီးကျူးမိပါသည်။ သမ္မတကြီး၏ ထူးခြားသော လုပ်ဆောင်ချက်သုံးခုဖြစ်သည့် မြစ်ဆုံစီမံကိန်းရပ်ဆိုင်းလိုက်ခြင်း၊ ကျွန်တော်တို့၏ မပြောပလောက်သော အငြိမ်းစားလစာများကို သဒ္ဓါတရားထက်သန်စွာ တိုးမြှင့်ပေးခြင်းနှင့် ကုလသမဂ္ဂ၊ ဗြိတိန်၊ အမေရိကန်၊ အိုအိုင်စီအဖွဲ့နှင့် မူဆလင်နိုင်ငံအချို့၏ မတရားဖိအားပေးမှုကို ကြံ့ကြံ့ခံရင်ဆိုင်ကာ **ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ဘင်္ဂါလီများ မြန်မာနိုင်ငံအတွင်း စိမ့်ဝင်လာသည့်ပြဿနာအပေါ် ရဲဝံ့ပြတ်သားစွာ တုံ့ပြန်ခဲ့ခြင်းတို့ကြောင့် သမ္မတကြီးသည် ကျွန်တော်တို့၏သူရဲကောင်းအဖြစ် ရှိနေဆဲပင်ဖြစ်ပါသည်။**

မြို့ပြနှင့် ကျေးလက်ဒေသများရှိ ပြည်သူများအတွက် မိုဘိုင်းတယ်လီဖုန်းများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်ခဲ့ခြင်းသည်လည်း သမ္မတကြီး၏ နောက်ထပ် ထင်ရှားသည့် အောင်မြင်မှုတစ်ခုပင်ဖြစ်သည်။ နွမ်းပါးသော ကောက်စိုက်သူ၊ ပဲပြုတ်သည်၊ ဆိုက်ကားနင်းသူနှင့် အငှားယာဉ်မောင်းမှသည် ခေတ်သစ်သူကြွယ်တို့၏ သားသမီးများ၊ ချမ်းသာကြွယ်ဝသူများအထိ ပါဝင်သော ဟန်းဖုန်းအသုံးပြုသူများအားလုံးက သမ္မတကြီးကို ကျေးဇူးတင်မတင်ကိုတော့ ကျွန်တော်မသိပါ။ သို့သော် ဈေးနှုန်းကြီးမားသည့် မိုဘိုင်းတယ်လီဖုန်းများကို သာမန်ပြည်သူများသုံးစွဲနိုင်သည့် အဆင့်အထိရောက်အောင် သမ္မတကြီးခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်ကိုတော့ ကျွန်တော်တို့အားလုံး သိရှိကြပါသည်။

ယဉ်ကျေးသိမ်မွေ့သည့် မြန်မာလူမျိုးများဖြစ်သည့်အားလျော်စွာ ကျွန်တော်တို့သည် တစ်ဦးတစ်ယောက်၏ မေတ္တာနှင့် စေတနာကို ကျေးဇူးတရားဖြင့် အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။ သို့မဟုတ်ပါက ကျေးဇူးကန်းသူများသာ ဖြစ်ပေတော့မည်။ ထို့အပြင် အချို့သောသူများကဲ့သို့ ကျေးဇူးရှင်ကို မတော်တရော် စွပ်စွဲပုတ်ခတ်နေပါက စွပ်စွဲပုတ်ခတ်သူသာ ထိခိုက်နစ်နာမည်ဖြစ်သည်။

မည်သူမှ ခြောက်ပြစ်ကင်း သဲလဲစင်မဖြစ်နိုင်ပါ။ လူသားတိုင်း အမှားမကင်းပါဟူသော ဆောင်ပုဒ်အရ လူတိုင်းသည် မှားတတ်စမြဲဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် တစ်စုံတစ်ဦးကို အလွန်အကျွံ ပြစ်တင်ဝေဖန်ခြင်းမှ ရှောင်ရှားသင့်ပါသည်။ သူများကို ပြစ်တင်ဝေဖန်သည်မှာ လွယ်ကူပါသည်။ ကိုယ့်အပြစ်ကို ကိုယ်မမြင်သောသူများထဲတွင် ကျွန်တော်ကိုယ်တိုင်လည်း ပါဝင်ပါသည်။ ကျွန်တော်တို့လုပ်ရမည်မှာ မိမိကိုယ်မိမိ ဝေဖန်ရေးပင်ဖြစ်သည်။ "ကိုယ်နှင့်နှိုင်း၊ မရိုင်း" ဟူသည်ကို နှလုံးသွင်းတတ်ပါက တစ်ဦးနှင့် တစ်ဦးအကြား သဘောထားကွဲလွဲမှု လျော့နည်းပြီး လူ့ဘောင်အဖွဲ့အစည်းအတွင်း ဂိုဏ်းဂဏကွဲမှုများ ပပျောက်သွားမည်ဖြစ်သည်။ နောက်ဆုံးတွင် နိုင်ငံတော်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သော စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ကျွန်ုပ် အသက် ၈၃ နှစ်ရှိပါပြီ။ ထပ်ပြီးအသက်ရှည်ပါက ပေါ်ပေါက်လာမည့် အစိုးရ၊ တရားရေးနှင့် လွှတ်တော်တို့က ကျွန်တော်တို့ နိုင်ငံသားများအတွက် ဘာတွေလုပ်ပေးနိုင်သည်ကို စောင့်ကြည့်ချင်ပါသေး

**ရှေ့ဆက်လျှောက်ပါသမ္မတကြီး။ ကျွန်တော်တို့ အငြိမ်းစားဝန်ထမ်းတွေက သမ္မတကြီးနောက်မှာ ရှိနေမှာပါ။**


# KEEP IT UP, MR. PRESIDENT!

*(Opinions expressed here are those of the author.)*

**U Than Htay**

Despite the clamorous condemnations and derogatory denunciations heaped on certain misconducts of your Government in the past, we, the pensioners (at least, most us) admire and respect your probity, benevolence and courage. You are still our hero on three counts. They are, first, your intrepid suspension of that infernal Myitson

saying, "to err is human". As such, we should refrain from overly criticising anyone. It would be like "the pot calling the pan black" for we all are sinners according to the Christian Faith, meaning no one is lily white and innocent. Indeed, it is easier to criticise others. When it comes to self-criticism, no one is willing to practise it including myself. Frequently self-criticism is what we need to pursue. If everyone

aptly dubbed the execrable habits of Myanmars) it would not work, even with the dramatic changes in political scenarios. CHANGE of these evil habits of mind or even better, the eradication of these mental impurities is a must, first and foremost. But no one seems to be aware of it. Our political parties should pay more attention to the training of mental CHANGE and character improvements for both young and old, instead of vociferously voicing the party slogans for the election victory.

သည်။ နောင်ပေါ်ပေါက်လာမည့် မဏ္ဍိုင်ကြီးများက အခုရှိနေသည့် မဏ္ဍိုင်ကြီးများထက် ပိုပြီးစွမ်းဆောင်နိုင်မလားဆိုသည်ကို ပြောဖို့စောလွန်းပါသည်။

ယခုအခါ အပြောင်းအလဲကို တောင်းဆိုနေကြသည်။ ဘာကိုပြောင်းလဲချင်တာပါလဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပုဒ်မအချို့ကို ပြောင်းလဲလိုက်ရုံဖြင့် အလုပ်မဖြစ်ပါ။ ပထမဦးဆုံးပြောင်းလဲရမည်မှာ ကျွန်တော်တို့၏ စိတ်နေစိတ်ထားများဖြစ်သည်။ ဤနေရာတွင် ကျွန်တော့်အနေဖြင့် ပုံစံကျအတွေးအခေါ် (Mindset) ဆိုသည့် စကားကိုမသုံးလိုပါ။ တကယ်တော့ စိတ်သည် အစဉ်အမြဲ ပြောင်းလဲဖြစ်ပျက်နေသည့် သဘောရှိသည်။ ဝိပဿနာကို လေ့လာကျင့်သုံးဖူးသူများသာ ထိုသဘောတရားကို နားလည်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် တစ်ကိုယ်ကောင်းဆန်မှု၊ စည်းကမ်းမဲ့မှု၊ ထကြွသောင်းကျန်းလိုမှု၊ အခွင့်အရေးသာ ရယူလိုမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ စိတ်မရှည်မှု၊ ရန်လိုမှု၊ မနာလိုမှု စသော ကျွန်ုပ်တို့၏ စိတ်နေစိတ်ထားများ၊ ကျွန်ုပ်တို့ ချစ်ခင်လေးစားရသော ဗိုလ်ချုပ်အောင်ဆန်း တစ်တစ်ခွခွခိုင်းနှိုင်းပြောဆိုခဲ့သော မြန်မာတို့၏ မကောင်းသော အကျင့်စရိုက်များကို မပြောင်းလဲနိုင်သရွေ့ နိုင်ငံရေးအခင်းအကျင်းများ မည်မျှပြောင်းလဲစေကာမူ တိုးတက်မှုရှိလာမည်မဟုတ်ပါ။ ထိုမကောင်းသော စိတ်နေစိတ်ထားများ ပြောင်းလဲနိုင်ရေးကို မရှိမဖြစ်ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်သော်လည်း ထိုအချက်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ သတိထားမိပုံမရပေ။ တကယ်တော့ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲအနိုင်ရရေးအတွက် ပါတီကြွေးကြော်သံများကို သူ့ထက်ငါ အပြိုင်အဆိုင် ထုတ်ဖော်နေသလို လူငယ်ရော၊ လူကြီးပါ စိတ်ဓာတ်ပိုင်းပြောင်းလဲမှုနှင့် စာရိတ္တပိုင်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးထားလုပ်ဆောင်သင့်ပါသည်။

ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီပြဿနာသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့်သာ သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး နှစ်ဖက်နိုင်ငံကြားတွင်သာ ဆွေးနွေးဖြေရှင်းရမည်ဖြစ်သည်။ နှစ်နိုင်ငံစလုံးအနေဖြင့် မေတ္တာရပ်ခံလာပါက ကုလသမဂ္ဂသည် ဘက်မလိုက်ဘဲ ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်ရပေမည်။ ယခုတော့ ထိုကဲ့သို့မဟုတ် မြန်မာနိုင်ငံအပေါ်တွင်သာ အပြစ်အားလုံးပုံချနေသည့်အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံး အံ့သြမိသလို ဒေါသလည်း ထွက်ကြပါသည်။ လှေစီးခရီးသွားများနှင့် ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်ကိုရော ဘာကြောင့် အပြစ်မတင်ကြတာလဲ။ ယင်းလှေစီးခရီးသွားများသည် ဒုက္ခသည်များမဟုတ်ဘဲ ရေကြည်ရာ မြက်နုရာများကို ရှာဖွေရန် မြန်မာနိုင်ငံနှင့် အခြား အရှေ့တောင်အာရှနိုင်ငံများသို့ ထွက်ပြေးခိုလှုံမည့်သူများသာ ဖြစ်ပါသည်။ ၎င်းတို့အစိုးရက ၎င်းတို့ကို ကောင်းမွန်စွာ မကြည့်ရှုမစောင့်ရှောက်နိုင်သည့်အတွက် ၎င်းတို့နိုင်ငံကနေ ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လှေစီးဒုက္ခသည်များနှင့် ပတ်သက်လျှင် ဘင်္ဂလားဒေ့ရှ်အစိုးရမှာလည်း တာဝန်ရှိသည်ဟု ကျွန်တော်တို့မြင်ပါသည်။

မြန်မာနိုင်ငံရှိ မူဆလင်လူနည်းစုအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များမှာ ရယ်ဖို့လည်း ကောင်းသည်။ ကုလသမဂ္ဂနှင့် အစ္စလာမ့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ လူ့အခွင့်အရေး ဆရာကြီးများ တရုတ်နှင့် ဂျပန်နိုင်ငံကို ဘာကြောင့် ဒီလိုမျိုးပြစ်တင်ဝေဖန်မှုတွေမလုပ်တာလဲလို့ တွေးကြည့်မိသည်။ အဲဒီနှစ်နိုင်ငံက စီးပွားရေးနဲ့ နိုင်ငံရေး အင်အားကြီးနိုင်ငံတွေဖြစ်နေလို့လား။ ဒါမှမဟုတ် LDC နိုင်ငံဖြစ်သည့် မြန်မာကို မြေနိမ့်ရာ လှံစိုက်တာလား။

ကုလသမဂ္ဂနှင့် ရေနံကိုမှီခိုနေသော အနောက်နိုင်ငံများအနေဖြင့် ရေနံကြွယ်ဝသည့် မူဆလင်နိုင်ငံများ၏ အကြိုက်ကို လိုက်ပေးနေရသည်ဟု ယုံကြည်သူအများအပြားရှိသည်။ ထိုကဲ့သို့ လုပ်ဆောင်သည်ဆိုလျှင် အကျင့်ပျက် ခြစားမှုတစ်ခုပင်ဖြစ်သည်။ ကျွန်တော့်အမြင်ကိုပြောရလျှင် အစ္စလာမ့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ အဓိကတာဝန်မှာ ကမ္ဘာပေါ်ရှိ မူဆလင်များအကြား စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို တည်ဆောက်ပေးဖို့ဖြစ်သည်။ ဒါပေမယ့် အစ္စလာမ့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အနေဖြင့် အရှေ့အလယ်ပိုင်းရှိ ဆွန်နီနှင့် ရှီးယိုက်မူဆလင်များအကြားမှာပင် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးရရှိအောင် ဖော်ဆောင်နိုင်မှု မရှိခြင်းမှာ ရှက်စရာကောင်းသည့် ဆုံးရှုံးမှုကြီးဖြစ်သည်။ ကျွန်တော်ပြောတာ တဲ့တိုးကျလွန်းပြီး ရိုင်းသလိုဖြစ်သွားရင်တော့ ခွင့်လွှတ်စေချင်ပါသည်။ သို့သော် အဲဒါတွေက အမှန်တရားပင်ဖြစ်သည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ဘင်္ဂါလီများ မြန်မာနိုင်ငံအတွင်း စိမ့်ဝင်လာသည့် ပြဿနာအပေါ် ရဲဝံ့ပြတ်သားစွာ တုံ့ပြန်ခဲ့ခြင်းတို့ကြောင့် သမ္မတကြီးသည် ကျွန်တော်တို့၏ သူရဲကောင်းအဖြစ် ရှိနေဆဲပင်ဖြစ်ပါသည်။**

အငြိမ်းစားအများစု၊ အထူးသဖြင့် အောက်ခြေဝန်ထမ်း အငြိမ်းစားများမှာ နွမ်းပါးသူများဖြစ်သည်။ ကျွန်တော်သည် ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦးအဖြစ် ပင်စင်ယူခဲ့သူဖြစ်ပြီး ဆယ်စုနှစ် နှစ်ခုကျော်သည်အထိ ကျွန်ုပ်၏ပင်စင်လစာမှာ (၁၂၅၀) ကျပ်သာဖြစ်၍ တစ်ရက်စာရပ်တည်ရေးပင် မလုံလောက်ခဲ့ပေ။ ကျွန်တော်တောင် အဲဒီလိုဖြစ်နေလျှင် အောက်ခြေအစိုးရဝန်ထမ်းများ၏အဖြစ်ကို စဉ်းစားကြည့်ပါက ရင်နင့်ဖွယ်ပင်ဖြစ်သည်။ ယခုတော့ ကျွန်တော်၏ ပင်စင်လစာမှာ (၁၄၁၇၅၄) ကျပ်ခန့်ဖြစ်သည်။ လက်ရှိ ကုန်ဈေးနှုန်းနှင့် လူနေမှုစရိတ်ကို မကာမိသော်လည်း အတိုင်းအတာတစ်ခုအထိ အရေးပါနေသည်။ ကျွန်ုပ်၏ လစဉ်ဆေးဝါးစရိတ်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်သည်။ အခြားအငြိမ်းစားများလည်း ထိုကဲ့သို့ပင် ဖြစ်ပေမည်။ ယခုလို အငြိမ်းစားလစာကို တိုးပေးခဲ့သဖြင့် နိုင်ငံတော်သမ္မတကြီးနှင့် တာဝန်ရှိသူများအားလုံးကို ကျွန်တော်တို့ အငြိမ်းစားများက အထူးကျေးဇူးတင်ရှိသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ထိုလုပ်ဆောင်ချက်သည် သမ္မတကြီးနှင့် မဏ္ဍိုင်အသီးသီးမှ လုပ်ဖော်ကိုင်ဖက်များ၏ ပြည်သူများအပေါ် ထားရှိသည့်စေတနာကို မှတ်ကျောက်တင်လိုက်ခြင်းပင်ဖြစ်ပါသည်။

သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၏ အမျက်ဒေါသနှင့် ကြီးမားသောဖိအားကို ရဲဝံ့စွာရင်ဆိုင်ရင်း မြစ်ဆုံစီမံကိန်းကိုရပ်ဆိုင်းရန် သမ္မတကြီးအဖို့ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာသတ္တိကိုမွေးခဲ့ရသည်။ ဒေသတွင်း ဖွံ့ဖြိုးရေးနှင့် ခေတ်မီတိုးတက်ရေးထက် ဂေဟစနစ်အခြေခံသည့် ဘိုးဘွားပိုင် တောတောင်ရေမြေ သဘာဝအလှတရားများ ရေရှည်တည်တံ့နေမှုက အရေးကြီးပေရာ ကျွန်တော်တို့အားလုံးကတော့ မြစ်ဆုံစီမံကိန်းကို အပြီးပိုင် ရပ်ဆိုင်းသွားတာကို မြင်လိုလှပါသည်။

အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကြောက်မက်ဖွယ် ရေလွှမ်းမိုးမှုများ၊ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ၊ ဆည်မြောင်းတာတမံ ရေလျှံမှုများနှင့်အတူ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်ဒေသအချို့တွင် ပြည်သူများ၊ တိရစ္ဆာန်များ သေဆုံးကာ အဆောက်အအုံများ၊ စိုက်ပျိုးမြေများ ပျက်စီးသွားခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် မြစ်ဆုံဆည်လို ဆည်ကြီးတစ်ခု မပြောကောင်းမဆိုကောင်း ကျိုးပေါက်မည်ဆိုပါက ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ လူစည်ကားရာမြို့များ၊ မြစ်ကမ်းဘေးရှိ ကျေးရွာများ မည်မျှထိခိုက်ပျက်စီးသွားနိုင်မည်ကို မှန်းဆကြည့်နိုင်ပေသည်။ ဆည်တည်ဆောက်သူတွေ၊ သူတို့မိတ်ဆွေတွေနဲ့ ရင်းနှီးမြှုပ်နှံသူ(ဘယ်သူဖြစ်ဖြစ်ပါ)တွေက ဘယ်လောက်ပဲပြောပြော၊ ရာသီဥတုဆိုတာကို သူတို့ထိန်းချုပ်လို့ မရပါဘူး။ ဒီတော့ အဲဒီလောက် အန္တရာယ်ကြီးတဲ့ကိစ္စကြီး အကောင်အထည်ပေါ်လာတာကိုလည်း ကျွန်တော်တို့ မမြင်လိုပါဘူး။

**ရှေ့ဆက်လျှောက်ပါ သမ္မတကြီး။ ကျွန်တော်တို့ အငြိမ်းစားဝန်ထမ်းတွေက သမ္မတကြီးနောက်မှာ ရှိနေမှာပါ။** အမှန်တကယ်တော့ သမ္မတကြီးနဲ့ သမ္မတကြီးရဲ့ အစိုးရအဖွဲ့ဟာ ကန့်သတ်မှုတွေကြားက အကောင်းဆုံး ဆောင်ရွက်ခဲ့သူများပါ။ ဒုတိယအကြိမ် သမ္မတတာဝန် ဆက်လက်ထမ်းဆောင်ဖို့ သမ္မတကြီးဆုံးဖြတ်မယ်ဆိုရင် သမ္မတကြီးကို ကျွန်တော်တို့အပြည့်အဝ ထောက်ခံအားပေးမှာဖြစ်ပါတယ်။ သမ္မတကြီးက အောင်ပွဲနဲ့ ထိုက်တန်သူပါ။

မြစ်ဆုံစီမံကိန်း အပြီးရပ်စဲရေးမှာ မသေချာသေးသည့်အတွက် ကျွန်တော်တို့အားလုံး စိုးရိမ်ပူပန်နေပါသည်။ အခုချိန်ထိ သမ္မတကြီး အကောင်းဆုံးလုပ်ဆောင်ခဲ့သည်ကိုတော့ ကျွန်တော်တို့ နားလည်သဘောပေါက်ပါသည်။ သို့သော်လည်း **သမ္မတကြီး၏ သက်တမ်းကာလအတွင်း တိုင်းပြည်ကောင်းစားရေးအတွက် မြစ်ဆုံစီမံကိန်းကို အပြီးသတ်ရပ်ဆိုင်းလိုက်မယ်ဆိုရင် ဘယ်လောက်များကောင်းလိုက်မလဲ။** အဲဒီလိုသာဖြစ်ခဲ့ရင်တော့ သမ္မတကြီး၏အမည်နှင့် သမ္မတကြီး၏ အစိုးရအဖွဲ့မှာ မြန်မာ့သမိုင်းတွင် မော်ကွန်းထိုးခံရမယ့်အပြင် မြန်မာပြည်သူများ၏ အသည်းနှလုံး၌ ထာဝရရှင်သန်နေမှာသေချာပါတယ်။

*(စာရေးသူ ဦးသန်းဋ္ဌေးမှာ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာတိုင်းတာရေးနှင့် သတ္တုတူးဖော်ရေးဦးစီးဌာနမှ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။ ဆောင်းပါးပါ အယူအဆများသည် The Global New Light of Myanmar တွင် ဖော်ပြခဲ့သည့် ၎င်း၏ ထင်မြင်ယူဆချက်များ ဖြစ်ပါသည်။)*

# တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်သော ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုကွန်ရက် အဆင့်မြှင့်တင်ခြင်း စီမံကိန်း၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ တံတားသုံးစင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းတို့အတွက် ဂျပန်နိုင်ငံမှပေးအပ်သည့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေစုစုပေါင်း ဂျပန်ယန်း (၉၉ ဒသမ ၈၅၀)ဘီလီယံအား ရယူရန် နှစ်နိုင်ငံအစိုးရအကြား လဲလှယ်မှုစာချွန်လွှာနှင့် ချေးငွေစာချုပ်များလက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန၌ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါချေးငွေများအတွက် စည်းကမ်းချက်များမှာ အတိုးနှုန်း တစ်နှစ်လျှင် (၀ ဒသမ ၀၁) ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၀ နှစ်နှင့် ပြန်ဆပ်ကာလ နှစ် ၃၀ စုစုပေါင်း ချေးငွေသက်တမ်း နှစ် ၄၀ ဖြစ်သည်။ ယင်းချေးငွေများရယူရန် လဲလှယ်မှုစာချွန်လွှာကို ဂျပန်နိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi နှင့် မြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်တို့က လည်းကောင်း၊ ချေးငွေစာချုပ်များကို ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ မြန်မာနိုင်ငံရုံးခွဲအကြီးအကဲ Mr. Keiichiro NAKAZAWA နှင့် မြန်မာနိုင်ငံအစိုးရကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းတို့က လည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအစိုးရကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ချေးငွေရယူသော သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ ဂျပန်နိုင်ငံ အစိုးရကိုယ်စား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး ဦးဆောင်သော တာဝန်ရှိသူများနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက်ကိုပါ ရည်ရွယ်လျက် အားကစားဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ ပင်လယ်ပြင် ရွက်လှေအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသွားရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ကုမ္ပဏီ/ အဖွဲ့အစည်း ရှစ်ခု၏ ပံ့ပိုးကူညီမှု ပါဝင်မှု (Sponsor) ဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အထူးရဲများတွေ့ဆုံကာ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၉**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုံခြုံရေးတာဝန်ဆောင်ရွက်ကြမည့် အထူးရဲများ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းလမ်းညွှန်မှုများကို မှာကြားရှင်းလင်းမှုများ ပြုလုပ်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက အလုံမြို့နယ် ဌာနာရပ်ကွက်ရှိ အလုံခန်းမ၌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင်က အနောက်ပိုင်းခရိုင်အတွင်း ခန့်အပ်တာဝန်ပေးမည့် အထူးရဲများဖြစ်ကြသော အလုံမြို့နယ်မှ ၃၂ ဦး၊ ကမာရွတ်မြို့နယ်မှ ၃၅ ဦး၊ ဆိပ်ကမ်းမြို့နယ်မှ သုံးဦး၊ ကျောက်တံတားမြို့နယ်မှ ၂၉ ဦး၊ ပန်းဘဲတန်းမြို့နယ်မှ ၂၆ ဦး၊ လသာမြို့နယ်မှ ၁၈ ဦး၊ လမ်းမတော်မြို့နယ်မှ ၂၁ ဦး၊ ကြည့်မြင်တိုင်မြို့နယ်မှ ၅၄ ဦးနှင့် ဒဂုံမြို့နယ်မှ ၁၂ ဦး တို့ကို တွေ့ဆုံကာ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းလမ်းညွှန်မှုများကို ရှင်းလင်းမှာကြားခဲ့သည်။

တိုင်းဒေသကြီးအတွင်း မဲရုံလုံခြုံရေးတာဝန် ဆောင်ရွက်ကြရမည့် အထူးရဲများကို အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ရက်ပေါင်း (၃၀) တစ်လခန့်ထားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဓာတ်ပုံများယှဉ်းဖော်ပြမှုအတွက် အမှားပြင်ဆင်ချက်ဖော်ပြပေးရန် The Voice ဂျာနယ်သို့ ညှိနှိုင်းအကြောင်းကြားထား

**နေပြည်တော် အောက်တိုဘာ ၁၉**

The Voice ဂျာနယ်၏ အောက်တိုဘာ ၁၇ ရက်ထုတ် အတွဲ(၁၁)၊ အမှတ်(၃၉) အချပ်ပိုစာမျက်နှာ(၅)တွင် ဖော်ပြခဲ့သော မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သတင်း၌ သတင်းနှင့် ယှဉ်တွဲဖော်ပြထားသောဓာတ်ပုံမှာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၏ ဓာတ်ပုံမဟုတ်ဘဲ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ ဓာတ်ပုံဖြစ်နေပြီး ဓာတ်ပုံလွဲမှားဖော်ပြထားသည်ကို တွေ့ရှိရသည်။


လူထုလိုလားပါက ဝန်ကြီးချုပ်ဆက်လုပ်မည်ဟု မွန်ပြည်နယ်ဝန်ကြီးချုပ်ပြော

မော်လမြိုင်၊ အောက်တိုဘာ ၁၆

မွန်ပြည်နယ် မုဒုံမြို့နယ် ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁)နေရာတွင် ဆက်လက်ဝင်ပြိုင်မည့် လက်ရှိပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က လူထုလိုလားပါက ဝန်ကြီးချုပ် ဆက်လက်လုပ်ဆောင်မည်ဟု ၎င်းဝင်ပြိုင်မည့် မဲဆန္ဒနယ်တွင် ပြုလုပ်ခဲ့သည့် မဲဆွယ်စည်းရုံးဟောပြောပွဲ၌ ပြောကြားသည်။

ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ၎င်းဝင်ပြိုင်မည့် မဲဆန္ဒနယ်တွင် အောက်တိုဘာ ၁၅ ရက်နေ့က ပထမဆုံးအကြိမ် ပြုလုပ်သည့် မဲဆွယ်စည်းရုံးဟောပြောပွဲတွင် ယင်းကဲ့သို့ ထည့်သွင်း ဟောပြောခဲ့ခြင်း ဖြစ်သည်။

"ဒီတာဝန်ကို ဆက်ပေးမယ်ဆိုရင် ဆက်လုပ်သွားမယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ထို့အပြင် မုဒုံမြို့နယ်တစ်ခုလုံး ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်သည့် အရှိန်အဟုန် ဆက်ရလိုလျှင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး အားလုံးခေတ်မီလိုလျှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို မဲပေးကြပါဟုလည်း မဲဆွယ်စည်းရုံးခဲ့သည်။

ကြံ့ခိုင်ရေးပါတီသည် မုဒုံမြို့နယ်တွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်နေရာ၌ ဦးကျော်ကျော်လွင်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၆) တွင် ဦးသက်ထွေး၊ ပြည်နယ်လွှတ်တော် အမှတ် (၁) တွင် ဦးအုန်းမြင့်နှင့် အမှတ် (၂) တွင် ဒေါက်တာလှသိန်းတို့က ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

Dawei Watch

ထိုသို့ ဓာတ်ပုံမှားယွင်းဖော်ပြခဲ့မှုအပေါ် ထပ်မံထွက်ရှိမည့် သတင်းစာ/ ဂျာနယ်၏ မူလမှားယွင်းဖော်ပြခဲ့သည့် စာမျက်နှာ၌ အမှားပြင်ဆင်ချက်အား သိသာထင်ရှားစွာ ပြန်လည်ထည့်သွင်းဖော်ပြနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကြောင်းကြားလာသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၉ ရက်စွဲပါစာဖြင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ ဓာတ်ပုံမှားယွင်းဖော်ပြခဲ့သည့် သက်ဆိုင်ရာဂျာနယ်နှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ဆက်လက်အကြောင်းကြားညှိနှိုင်းထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မဲရုံမှူး၊ ဒုမဲရုံမှူးများ၏လုပ်ငန်းတာဝန်များ ဆင့်ပွားသင်တန်းဖွင့်

**ရှင်ဗွေယန် အောက်တိုဘာ ၁၉**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးရည်ရွယ်၍ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား အသိပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ တနိုင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်အဖွဲ့ဝင်များအား ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အဆင့်ဆင့်ကို အမှားအယွင်းမရှိ ဆောင်ရွက်နိုင်ရေးအတွက်ရည်ရွယ်၍ အောက်တိုဘာ ၁၈ ရက်က ရှင်ဗွေယန်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်၍ ဆွေးနွေးပို့ချပေးခဲ့သည်။

ထိုသို့ ဖွင့်လှစ်ပို့ချပေးခဲ့ရာတွင် မြို့တွင်းရှိ ရပ်ကွက်(၄)ရပ်ကွက် ကျေးရွာအုပ်စု (၂)အုပ်စုမှ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်အဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၀၇ ဦး တက်ရောက်ခဲ့ကြပြီး မဲရုံအတွင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အသေးစိတ်ရှင်းလင်းပို့ချပေးခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများအပြင် မဲရုံအတွင်း မဲပေးပုံအဆင့်ဆင့်ကိုလည်း လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

# သတင်းစာ၊ ဂျာနယ်များတွင် အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်းဖော်ပြခြင်းမပြုရန် မေတ္တာရပ်ခံခြင်း

နိုင်ငံအတွင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည့် သတင်းစာ၊ ဂျာနယ်များတွင် ယခင်က အရက်၊ ဘီယာကြော်ငြာများထည့်သွင်းခြင်းကို ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသော်လည်း ယနေ့အချိန်တွင် သတင်းစာ၊ ဂျာနယ်အချို့၌ အရက်၊ ဘီယာကြော်ငြာများကို ကျယ်ကျယ်ပြန့်ပြန့် ထင်ရှားစွာထည့်သွင်းဖော်ပြလာကြပါသည်။

အဆိုပါ အရက်၊ ဘီယာကြော်ငြာများသည် လူငယ်များကို အရက်သေစာသောက်စားစေရန် တိုက်တွန်းလှုံ့ဆော်ရာရောက်ပြီး အကျင့်စာရိတ္တပျက်ပြားစေနိုင်သောကြောင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှ ညွှန်ကြားရေးမှူးက အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်းဖော်ပြခဲ့ကြသော Tomorrow သတင်းဂျာနယ်၊ ပြည်မြန်မာဂျာနယ်၊ လူထုပုံရိပ်ဂျာနယ်၊ Popular News Journal၊ Myanmar Post Journal၊ Myanmar Post Global Journal၊ ဧရာဝတီ (The Irrawaddy) ဂျာနယ်၊ News Watch Journal၊ First Weekly News Journal၊ The First Music News Journal၊ ပန်းသတင်းဂျာနယ်၊ အလင်းတန်းဂျာနယ်၊ Shape Journal၊ Sunday Journal၊ Oasis Journal၊ Auto World နည်းပညာဂျာနယ်၊ Sport Times အားကစားဂျာနယ်၊ Premier Eleven အားကစားဂျာနယ်၊ World Football အားကစားဂျာနယ်၊ 90:00 Minutes အားကစားဂျာနယ်၊ အင်အား အားကစားဂျာနယ်၊ Health Care ကျန်းမာရေးဂျာနယ်နှင့် Myanmar Times Daily သတင်းစာတို့၏ ထုတ်ဝေသူ၊ တာဝန်ခံအယ်ဒီတာတို့ကို ရန်ကုန်မြို့ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် ယနေ့နံနက် ၉ နာရီအချိန် ခေါ်ယူတွေ့ဆုံ၍ သတင်းစာ၊ ဂျာနယ်များတွင် အရက်၊ ဘီယာကြော်ငြာများ ထည့်သွင်းဖော်ပြခြင်းမပြုရန် အမျိုးသားရေးအမြင်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

✻ ရွှေဖုံးမှ

ဇာတိမြေချောင်းသာကမ်းခြေကို အလွန်ချစ်မြတ်နိုးကြောင်း ဦးသန်းမြင့်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကျေးရွာရှိ ချောင်းသာကမ်းခြေသည် ၁၉၉၄ ခုနှစ်မှစတင်ပြီး ကမ်းခြေခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့ကာ ၁၉၉၆ခုနှစ် မြန်မာ့ခရီးသွားနှစ်တွင် ပြည်တွင်း ပြည်ပ ခရီးသွားများအပန်းဖြေလာရောက်မှုကြောင့် ပိုမိုလူသိများလာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ယာဉ်စီးရေတိုးချဲ့ပြေးဆွဲမှုနှင့် ခရီးသွားလုပ်ငန်းများ ဝန်ဆောင်မှုတိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် ယခင်ကထက် ပိုမိုစည်ကားလာခဲ့သည်။

အောက်တိုဘာလအတွင်း အွန်လိုင်းစာမျက်နှာပေါ်တွင် ဓာတ်ပုံအထောက်အထားနှင့်တကွ ပျံ့နှံ့နေသည့် GRAND ဟိုတယ်နှင့် BELLE ဟိုတယ်ကြားမှ ကမ်းခြေသို့ ရေဆိုးများဖောက်ချမှုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဟိုတယ်သို့ အသိပေးပြီးဖြစ်ကြောင်း ရွှေသောင်ယံမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောပြသည်။

"အခုဖြစ်တာက GRAND ဟိုတယ်နဲ့ BELLE ဟိုတယ်ကြားမှာဖြစ်တာပါ။ ဖောက်တာက GRAND ဟိုတယ်ဝန်ထမ်းကဖောက်ချတာ ဓာတ်ပုံမှာပါတယ်။ အခုပျံ့နှံ့နေတဲ့ အွန်လိုင်းသတင်းက အမှန်ပါ။ ကျွန်တော် ဒီကိစ္စကို အွန်လိုင်းမှာပါတဲ့ရက်မှာပဲ ပုသိမ်မှာရှိတဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းက သက်ဆိုင်ရာ တာဝန်ရှိတဲ့ဌာနကို တင်ပြခဲ့တယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးက ပြောသည်။



GRAND ဟိုတယ်နှင့် BELLE ဟိုတယ်ကြား ယခုရက်ပိုင်းအတွင်း သဲများ ဖို့ထားမှုကို တွေ့ရစဉ်။

GRAND ဟိုတယ်မှ အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးက "ပင်လယ်က ဒီရေတက်လာတဲ့အပေါ်မှာ သဲပေါ်မှာ ရေအိုင်လို့ကျန်ခဲ့တဲ့အတွက် ဝန်ထမ်းကနေဖောက်ပေးနေတဲ့ပုံပါ၊ ကျွန်တော်တို့ဆီက ရေဆိုးတွေဖောက်ချတာလုံးဝမဟုတ်ပါဘူး၊ ဘေးက BELLE ဟိုတယ်နဲ့ပေါင်းပြီးလုပ်တာပါ။ လမ်းဖို့ပေးလိုက်တဲ့အတွက် အရင်လူသွားလို့မရတာတောင် အခုဆိုင်ကယ်နဲ့ သွားလို့ရနေပါပြီ၊ လမ်းကောင်းသွားပါပြီ"ဟု ဆိုသည်။

လူမှုကွန်ရက်အင်တာနက်စာမျက်နှာတွင် GRAND ဟိုတယ်နှင့် BELLE ဟိုတယ်ကြား ရေဆိုးစွန့်ပစ်မှုသတင်းပေါ်ထွက်လာပြီးနောက် အဆိုပါဟိုတယ်များက သဲများဖို့ခြင်း၊ ရေပိုက်များပြုပြင်ခြင်း၊ ရေဆိုးများစိမ့်ထွက်ရာနံရံများနှင့် ရေနုတ်မြောင်းများကို အင်္ဂတေဖြင့် ပိတ်ဆို့ခြင်းစသည့် ပြင်ဆင်မှုများကို ယခုရက်ပိုင်းတွင်းက ပြုလုပ်ခဲ့သည်ဟု ဒေသခံတစ်ဦးဖြစ်သူ ကိုမင်းဇော်က ရှင်းပြသည်။

"ကျွန်တော်တို့ရဲ့ ဟိုတယ်ထောင့်မှာ ကန်ကြီးတစ်ကန်ထားပြီး ရေဆိုးတွေသိုလှောင်ထားပါတယ်။ အဲဒီကန်ထဲကရေဆိုးတွေကို ပိုက်နဲ့စုပ်၊ ထော်လာဂျီနဲ့တင်ပြီး တရားဝင်ခွင့်ပြုထားတဲ့နေရာမှာ သွားစွန့်ပစ်ပါတယ်။ မိုးတွင်းဘက်မှာ ဟိုတယ်နှစ်ခုကြားက မြောင်းရှိတဲ့ လမ်းကြားကနိမ့်တဲ့အတွက် ရှိသမျှရေက အကုန်ဆင်းတယ်။ ဟိုတယ်ဇုန်ရှေ့မှာရှိတဲ့ မြောင်းကလည်း အနက်က တစ်ပေလောက်ပဲရှိတော့ မိုးတွင်းဆိုရေလျှံတယ်။ ဟိုတယ်ဇုန်နဲ့ ရပ်ကွက်က သုံးတဲ့ ရေမြောင်းကလည်း ဆင်းစရာအပေါက်မရှိတော့ဘူး။ မြေနိမ့်တဲ့ ကမ်းခြေဘက်ကို ဆင်းသွားတယ်၊ စည်ပင်ကမြောင်းဖောက်ပေးလိုက်ရင် အားလုံးအတွက် အဆင်ပြေသွားမယ်" ဟု GRANDဟိုတယ်မှ အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးက ပြောပြသည်။

ရေစီးရေလာကောင်းမွန်ရေးအတွက် ဟိုတယ်များရှေ့ရှိ ရေနုတ်မြောင်းများကို ဖောက်ရန်အတွက် အစည်းအဝေးနှစ်ကြိမ် ကျင်းပဆွေးနွေးခဲ့သော်လည်း ဟိုတယ်ပိုင်ရှင်များဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်မှုအားနည်းနေကြောင်း ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ရေမြောင်းတွေက ထွက်ပေါက်မရှိဘူး။ ထွက်ပေါက်မရှိတော့ မိုးတွင်းဆို ကမ်းခြေဘက်ကို ဖောက်ချကြတယ်။ အဲ့ဒီလိုမဖြစ်သင့်ဘူးဆိုပြီး ဆွေးနွေးတယ်။ ဟိုတယ်တချို့က သူတို့ဟိုတယ်ဆိုင်းဘုတ်နဲ့မလွတ်လို့ ရေမြောင်းမဖောက်ချင်ကြဘူး။ ဟိုတယ်ရှေ့မှာရှိတဲ့ ရေမြောင်းတွေ ရေစီးရေလာကောင်းအောင်လုပ်ဖို့ တစ်ပတ်အချိန်ပေးထားတယ်။ ဒါပေမယ့် လုပ်တာမတွေ့ရဘူး။ ဟိုတယ်တွေဘက်က ပါဝင်မှုအားနည်းနေတယ်"ဟု ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျင်စိုးက ပြောပြသည်။

ဟိုတယ်မျက်နှာစာရှေ့ရှိ ရေဆိုးများစွန့်ပစ်ရာရေမြောင်းများအား ရေစီးရေလာကောင်းမွန်ရန်အတွက် ဥတိုချောင်းဘက်သို့ ဖောက်လုပ်လိုက်မည်ဆိုပါက ချောင်းသာကမ်းခြေသို့ ရေဆိုးဝင်ရောက်မှုမရှိနိုင်တော့ကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လတ်တလောဖြစ်ပေါ်နေသည့် GRAND ဟိုတယ်နှင့် BELLE ဟိုတယ်ကြားမှ ကမ်းခြေသို့ ရေဆိုးစွန့်ပစ်မှုနှင့်စပ်လျဉ်းပြီး ဧရာဝတီတိုင်းဒေသကြီးတာဝန်ခံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဦးက "တိုင်ကြားမှုရှိလာပြီဆိုရင်တော့ ကျွန်တော်တို့ သွားစစ်ဆေးရမှာပါ။ မှန်ကန်တယ်၊ သေချာတယ်၊ မြေပြင်မှာဖြစ်တာ တွေ့ပြီဆိုရင်တော့ အရေးယူဆောင်ရွက်နိုင်ဖို့ ဆက်လက်တင်ပြသွားမယ်။ GRAND ဟိုတယ်နဲ့ BELLE ဟိုတယ်ကြားကိစ္စက စုံစမ်းတော့ လက်ရှိသွားကြည့်တဲ့အချိန်မှာ သိထားတဲ့အနေအထားက လွဲနေတယ်။ သူတို့က ရေဆိုးမြောင်းထဲကိုထည့်တာ မြောင်းထဲက လျှံပြီးကျတဲ့အတွက် မြောင်းကိုလည်း ရေစီးရေလာကောင်းအောင် စည်ပင်နဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ပြောတယ်"ဟု ရှင်းပြသည်။



ချောင်းသာကမ်းခြေ၌ အမှိုက်များဖြင့် ရှုပ်ပွနေသည်ကို တွေ့ရစဉ်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရန်အတွက် ခရီးသွားရာသီအစတွင် ဟိုတယ်နှင့် တည်းခိုခန်းများ စည်းကမ်းများလိုက်နာရန် အမိန့်ညွှန်ကြားစာများ ထုတ်ပြန်ခြင်း၊ ကြပ်မတ်စစ်ဆေးခြင်းများ နှစ်စဉ်ပြုလုပ်လေ့ရှိကြောင်း သိရသည်။

ကမ်းခြေဒေသ၌ လုပ်ငန်းဆောင်ရွက်မည့် ဟိုတယ်၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် ကမ်းခြေဒေသရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမိန့်ကြော်ငြာစာ ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်ဖြစ်ပြီး သက်ဆိုင်ရာအစိုးရက အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်နှင့်ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုက်နာရန်ပျက်ကွက်ပါက မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာရန် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅)ဖြင့် ထုတ်ပြန်ထားသော်လည်း ချောင်းသာကမ်းခြေရှိ ဟိုတယ်အများစုမှာ ရေဆိုးစွန့်ပစ်မှုနှင့်ပတ်သက်ပြီး လိုက်နာမှုအားနည်းနေသေးကြောင်း ရွှေသောင်ယံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးက ပြောသည်။

ချောင်းသာကမ်းခြေသို့ ဒေသခံများသာမက အနယ်နယ်အရပ်ရပ်မှ စီးပွားလာရှာကြသူများလည်းရှိရာ စည်းကမ်းမဲ့နေထိုင်သူများကြောင့် ချောင်းသာပတ်ဝန်းကျင်သာယာလှပသန့်ရှင်းရေးအတွက် သက်ဆိုင်ရာအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်ရန် လိုလားလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ချောင်းသာကမ်းခြေအနီး ဖိုးကုလားကျွန်းတွင် နေထိုင်သူ ကိုဇော်က "ချောင်းသာကမ်းခြေတစ်လျှောက်မှာဆို အုန်းတောကမ်းခြေကနေ ကျောက်တစ်လုံးကမ်းစပ်ထိက မသန့်တော့ဘူး၊ ကျွန်တော်တို့က ကမ်းခြေကိုမှီပြီး စားသောက်နေရတာ။ ချောင်းသာကို ဧည့်သည်များများလာမှ စားဝတ်နေရေး အဆင်ပြေမှာ။ ဧည့်သည်မလာရင် အဆင်မပြေနိုင်ဘူး။ ဒါ့ကြောင့် ဆိုင်တွေစည်းကမ်းရှိဖို့လိုတယ်။ ဟိုတယ်တွေကတော့ သူတို့အမှိုက်သူတို့သိမ်းတယ်။ ရေဆိုးကိစ္စကတော့ မပြောတတ်ဘူး၊ ဒီကမ်းခြေပိတ်သွားရမှာတော့ စိုးရိမ်တယ်။ ကမ်းခြေနားမှာကျွန်တော်တို့ဒေသအခေါ် ဇီးရိုးရပ်ကွက်ဆိုတာရှိတယ်။ သူတို့က အညစ်ပတ်ဆုံးပဲ။ အညစ်အကြေးကိုဖြစ်သလိုစွန့်တယ်။ ငါးတွေလှန်းတယ်။ ဒါတွေကိုလည်း သက်ဆိုင်ရာက စိစစ်ပေးရင်ကောင်းမယ်။ သူတို့ကြောင့်လည်း ကမ်းခြေအလှက ညစ်နွမ်းစေနိုင်တာပဲ"ဟု ပြောသည်။

ဒေါက်တာဦးဌေးအောင် ပါမောက္ခ(ငြိမ်း)အဏ္ဏဝါသိပ္ပံကလည်း "ရေထဲ အမှိုက်ပစ်တာတို့၊ ကမ်းစပ်မှာမစင်စွန့်နေတာတို့ကတော့ မကောင်းဘူးပေါ့ဗျာ၊ ဒီနေရာက သဘာဝကမ်းခြေအနေအထားမျိုးဖြစ်နေတာ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေက ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ကောင်းတယ်" ဟုဆိုသည်။

ချောင်းသာကမ်းခြေသို့ အပန်းဖြေလာရောက်လည်ပတ်သူ ကိုလင်းလင်းကမူ "ကျွန်တော်ချောင်းသာကိုလာတာ ဒါနဲ့ဆို ငါးကြိမ်ရှိသွားပြီ။ တစ်နှစ်နဲ့ တစ်နှစ်

**ကမ်းခြေဒေသ၌ လုပ်ငန်းဆောင်ရွက်မည့် ဟိုတယ်၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမိန့်ကြော်ငြာစာ ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်ဖြစ်**

သန့်ရှင်းသပ်ရပ်မှုက အားနည်းလာတယ်။ ကမ်းခြေမှာလည်းအမှိုက်တွေ တွေ့နေတယ်။ အမှိုက်ပစ်စရာအမှိုက်ပုံးလည်းမရှိဘူး။ တချို့နေရာတွေမှာ ဟိုတယ်တွေဘက်က ရေမြောင်းလိုမျိုးစီးနေတာတွေ တွေ့နေရတယ်။ သဘာဝကမ်းခြေအနေအထားလေးဖြစ်နေတဲ့ ချောင်းသာကမ်းခြေအလှ ပျက်စီးသွားမှာ စိုးရိမ်တယ်ဗျာ"ဟု ပြောသည်။

"မိုးတွင်းဆိုဟိုတယ်တွေရှေ့မှာရှိတဲ့ ရေမြောင်းထဲကရေဆိုးတွေနဲ့ မိုးရေနဲ့ ပေါင်းပြီး ပင်လယ်ထဲကိုစီးတာ။ သူတို့ဒီလိုပဲစွန့်ပစ်နေတာကြာပြီ။ နွေရာသီဆို ပြဿနာမရှိဘူး။ မိုးတွင်းဆို ရေက ချက်ချင်းမဆင်းတော့ ရေစီးကြောင်းဖြစ်ပြီး ပင်လယ်ထဲကိုစီးသွားတယ်။ အဲ့ဒီရေဆိုးတွေက ရေရှည်မှာ ဘာဆိုးကျိုးတွေ ဖြစ်လာနိုင်တယ်ဆိုတာမသိဘူး။ တော်တော်များများကတော့ စိတ်ပူနေကြတယ်"ဟု ချောင်းသာကမ်းခြေ၌ ခရုအလှဆင်ပစ္စည်းများရောင်းချသူ ဒေသခံ ဦးမင်းဇော်က ပြောသည်။

ဒေါက်တာဦးဌေးအောင် ပါမောက္ခ(ငြိမ်း)အဏ္ဏဝါသိပ္ပံက "ချောင်းသာကမ်းခြေမှာက ရေဆိုးစွန့်ထုတ်မှုသိပ်မများတော့ ဘာမှမထိခိုက်နိုင်ပါဘူး။ ဟိုတယ်တွေများလာရင်၊ ရေဆိုးစွန့်ထုတ်မှုတွေများလာရင်တော့ ရေဆင်းကူးသူတွေကို ယားယံမှုတွေဖြစ်လာနိုင်တယ်။ အောက်ဆီဂျင်ပြတ်ရင် ကမ်းမှာရှိတဲ့ ငါးတွေ၊ ပုစွန်တွေမနေတော့ဘူး။ ချောင်းသာကို ဘာလို့ဂရုစိုက်ရလဲဆိုတော့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေလာတော့ ရေဆိုးစွန့်နေတာတွေ မြင်သွားရင် အမြင်မသင့်တော်ဘူး။

စာမျက်နှာ ၉ သို့



ချောင်းသာကမ်းခြေအနီးရှိ ရွှေ့ပြောင်းအိမ်ရာ (ကျူးကျော်တဲ) များကို တွေ့ရစဉ်။

# မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးအောင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော် ဒက္ခိဏသီရိ ဟိုတယ်ဇုန်ရှိ The Royal ACE Hotel ၌ ယနေ့နံနက်ပိုင်းက ကျင်းပသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကြီးကြပ်၍ နေပြည်တော်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့်ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ယနေ့ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အနာဂတ်ကာလအတွက်ပါ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် တိုးချဲ့ဖွင့်လှစ်လျက်ရှိသော ဟိုတယ်များအတွက် စနစ်တကျ ကျွမ်းကျင်တတ်မြောက်သော လုပ်သားအင်အားများ အလျင်မီ ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း၊ ထို့အတွက် ဝန်ကြီးဌာနသည် ယခုကဲ့သို့ဒေသအနှံ့၌ ဟိုတယ်



ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးသော စာတွေ့လက်တွေ့သင်ခန်းစာများကို အပတ်တကုတ် ကြိုးစားလေ့လာဆည်းပူးကြရန်နှင့် လက်တွေ့လုပ်ငန်းခွင်၌ အကျိုးရှိစွာ ပြန်လည်အသုံးချတတ်ရန် လိုကြောင်း၊ ထို့အပြင် အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာ တတ်ကျွမ်းနားလည်အသုံးချနိုင်ရန်အတွက် ဆည်းပူးလေ့လာရန်နှင့် ဗဟုသုတအတတ်ပညာရပ်များကို အင်တာနက်မှတစ်ဆင့် ရှာဖွေလေ့လာကြရန် တိုက်တွန်းမှာကြားသည်။

ယနေ့ဖွင့်လှစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများတွင် ဟိုတယ်ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း သင်တန်းသုံးမျိုးတို့ပါဝင်ပြီး သင်တန်းသားသင်တန်းသူ ၂၀၇ ဦး တက်ရောက်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ လေ့လာရေးခရီး လာရောက်ကြသော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများအသင်းမှ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်ကျော်ဆင့် ဦးဆောင်သော မန္တလေးမြို့ ဟိုတယ်နှင့်လုပ်ငန်းခွင်သင်တန်းကျောင်း (MHVT)မှ ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းသား သင်တန်းသူများအား ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါလေ့လာရေးအဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ ပြည်သူ့လွှတ်တော် အဆောက်အအုံနှင့် Hilton ဟိုတယ်ရှိ ဟိုတယ်ဆိုင်ရာသင်တန်းကျောင်းကို ကြည့်ရှုလေ့လာ၍ ညနေပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မဲရုံမှူးများ၊ ဒုမဲရုံမှူးများ သင်တန်းပို့ချ

**ရန်ကုန် အောက်တိုဘာ ၁၉**

ကမာရွတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မဲရုံမှူးများ၊ ဒုမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များလုပ်ငန်းစဉ်ဆောင်ရွက်ပုံသင်တန်းကို အောက်တိုဘာ ၁၇ ရက် နှင့် ၁၈ ရက်တို့က အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်တို့က သင်တန်းပို့ချမှုအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြသည်။

ကမာရွတ်မြို့နယ်အတွင်း စုစုပေါင်းကိုယ်စားလှယ်လောင်း ၂၇ ဦး ဝင်ရောက်အရွေးခံမည်ဖြစ်ပြီး မြို့နယ်အတွင်း ရပ်ကွက် ၁၀ ခု၌ မဲရုံစုစုပေါင်း ၃၅ ရုံ၊ မဲရုံဝန်ထမ်း ၇၀ တို့ဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ပြီးမြောက်ရေးဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(၃၄၉)**

# မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီးစေတီ ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

**မုဒုံ အောက်တိုဘာ ၁၉**

မွန်ပြည်နယ် မုဒုံမြို့ သမိုင်းဝင်ကန်တော်ကြီးစေတီ၏ (၁၄၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၃ ရက်မှ သီတင်းကျွတ်လပြည့်(အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်)ထိ သီတင်းကျွတ်မီးထွန်းပွဲနှင့်အတူ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက် ၇ နာရီတွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၇၆ ကျောင်း၊ သီလရှင် စာသင်တိုက် ၁၀ တိုက်တို့မှ ရဟန်း သာမဏေ၊သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၆၀၀ ကျော်တို့အား မင်းတန်းရပ် မင်္ဂလာမဏ္ဍပ်မှစတင်ကာ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများအား စာရေးတံမဲဖောက်လှူဒါန်းကြမည်ဖြစ်သည်။ ထို့ပြင် ကန်တော်ကြီးစေတီအရှေ့ဘက် သဘာဝကန်ကြီးရေကန်၌ မြို့နယ်ရှိ ရပ်ကွက် ကျေးရွာအုပ်စုများနှင့် အခြားမြို့နယ်များကပါ ပါဝင်ဆင်နွှဲမည့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို အကြီးတန်းနှင့်ဖိတ်ခေါ်လူသစ်တန်းဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်သည်။

**ကိုချစ်**

**စာမျက်နှာ ၈ မှ**

ခရီးသွားလုပ်ငန်း ကျဆင်းသွားမှာ စိုးရိမ်ရတယ်”ဟု သုံးသပ်ပြောကြားသည်။

ချောင်းသာ အပန်းဖြေစခန်းသို့ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပြည်တွင်း ပြည်ပ ခရီးသည်ဝင်ရောက်မှုမှာ ပြည်တွင်းခရီးသည် ၁၅၄၆၄၂ ဦး၊ ပြည်ပခရီးသည် ၉၆၀၃ ဦးနှင့် ၂၀၁၅ ဧပြီလမှ စက်တင်ဘာလအထိ ပြည်တွင်းခရီးသည် ၄၄၈၂၉ ဦး၊ ပြည်ပခရီးသည် ၂၇၀၁၃ ဦးရှိကြောင်း ချောင်းသာကျေးရွာရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှသိရသည်။

ချောင်းသာကမ်းခြေ သန့်ရှင်းသာယာလှပရေးအတွက် ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ တည်းခိုခန်းလုပ်ငန်းရှင်များအသင်း၊ ဌာနဆိုင်ရာများ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများပါဝင်သော ကမ်းခြေချစ်သူများအဖွဲ့က အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အမှိုက်ကောက်ခြင်းဆောင်ရွက်လျက်ရှိကြောင်းကို အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးထွန်းထွန်းက “ကျွန်တော်တို့ ဗုဒ္ဓဟူးနေ့တိုင်း ကမ်းခြေမှာရှိတဲ့အမှိုက်တွေကောက်တယ်။ ကမ်းခြေသာယာလှပဖို့အတွက် အပန်းဖြေလာရောက်သူတွေအနေနဲ့လည်း မိမိသုံးခဲ့တဲ့ အမှိုက်တွေကို စနစ်တကျစွန့်ပစ်စေချင်တယ်၊ အခုလာတဲ့သူတွေထဲမှာလည်း စည်းကမ်းတကျစွန့်ပစ်တာ အားနည်းတာကို တွေ့ရတယ်”ဟု ပြောပြသည်။

ချောင်းသာကမ်းခြေသာယာလှပရေးအတွက် ဒေသခံတစ်ဦးဖြစ်သူ ဦးမင်းဇော်က “ကျွန်တော်တို့က တစ်သက်လုံးနေလာတာပါ။ အခုရွှေ့ပြောင်းနေထိုင်သူတွေများလာပြီ။ နှစ်ရှည်လာတော့ ကမ်းခြေက ကျွန်တော်တို့ ငယ်ငယ်တုန်းကလို မသန့်တော့ဘူး။ သဲအရောင်၊ နုန်းအရောင်ကစကွာလာပြီ။ ဒီတော့ ကမ်းခြေအတွက် စိုးရိမ်လာတယ်။ ဒီဟာကို စည်းကမ်းတကျလေးဖြစ်လာအောင် သက်ဆိုင်ရာက လုပ်ပေးစေချင်တယ်။ စည်းကမ်းမဲ့မှုတွေကြောင့် ကျွန်တော်တို့ဒေသလေး ပျက်စီးသွားမှာတော့ မလိုလားဘူး။ ချောင်းသာကမ်းခြေလှပရေးနဲ့ ရေရှည်တည်တံ့နေဖို့က ကျွန်တော်တို့ဒေသခံတွေအတွက် မျှော်လင့်ချက်မနက်ဖြန်တွေပါ”ဟု ရင်ဖွင့်ပြောပြသည်။



**GRAND ဟိုတယ်နှင့် BELLE ဟိုတယ်နှစ်ခုကြား အနောက်ဘက်ကမ်းခြေဘက်ရှိ ရေဝပ်နေသော ရေအိုင်ကို တွေ့ရစဉ်။**

# ကျွန်းလှမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အလှမ်းကွာဝေးသော ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများသို့ မဲရုံသုံးပစ္စည်းများ စတင်ထုတ်ပေး

**ကျွန်းလှ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် မဲရုံလုပ်ငန်းသုံးပစ္စည်းများကို မြို့နှင့် အလှမ်းကွာဝေးသော ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများသို့ အောက်တိုဘာ ၁၈ ရက်မှ စတင်ပြီး ထုတ်ပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် မြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၄ စု၌ မဲရုံပေါင်း ၈၀ ရှိပြီး မဲရုံများအတွက် မဲပုံး ၄၃၂ ပုံးအပါအဝင် မဲရုံလုပ်ငန်းသုံးပစ္စည်း ၂၇ မျိုးကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက စိစစ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# “မဲပေးစို့” မိုဘိုင်းဖုန်း M Voter 2015 App ရယူအသုံးပြုနည်းလမ်းညွှန်ပိုစတာများ အသိပေးကြေညာ

**ကော့သောင်း အောက်တိုဘာ ၁၉**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို M Voter 2015 App ဖြင့် web နှင့် Mobile ဖုန်းများဖြင့် www.maepaysoh.org တွင် အခမဲ့ download ရယူ install ပြုလုပ်ပြီး ဖတ်ရှုနိုင်ကြောင်း အသုံးပြုနည်းလမ်းညွှန်ကြော်ငြာချက် ပိုစတာများအား အများပြည်သူ အသုံးပြုနိုင်ကြရေး ကော့သောင်းခရိုင် ပြန်/ဆက် ဦးစီးဌာနမြေစိုက်ဘုတ်တွင် အသိပေးကြေညာခြင်း လုပ်ငန်းများကို အောက်တိုဘာ ၁၈ ရက်က ဝန်ထမ်းများက ဆောင်ရွက်ကြသည်။

လာမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများမဲဆန္ဒပေးနည်း၊ မိမိတို့မဲပေးရမည့် မဲဆန္ဒနယ်အလိုက် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များ၊ ယင်းတို့ကိုယ်စားပြုသည့် ပါတီများ၏ မူဝါဒများ အကြောင်းသိရှိနိုင်ရေး “မဲပေးစို့” မိုဘိုင်းဖုန်း M Voter 2015 App အခမဲ့ရယူနိုင်သည့် www.maepaysoh.org ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ပုံနှင့် Appdownload ရယူ install ပြုလုပ်အသုံးပြုပုံအဆင့်ဆင့် လုပ်ဆောင်မှုများအား မဲဆန္ဒရှင်ပြည်သူများသို့ အသိပညာပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ပြီးအလားတူ မြို့အချက်အချာနေရာနှင့် လူစည်ကားအသွားအလာ များပြားရာနေရာများရှိ




ကြော်ငြာဘုတ်ရှိရာ နေရာများ၌ အသိပေးပိုစတာများ ဖြန့်ဝေကြော်ငြာခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

ကမ္ဘာ့စာရင်းအင်းနေ့ ဂုဏ်ပြုဆောင်းပါး

# “စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်လေ၊ လူမှုဘဝ ပိုကောင်းလေ”

## ''Better Data, Better Lives''

**ခင်ချင်းတွင်း (စိမံ / စီးပွား)**

ကုလသမဂ္ဂအထွေထွေညီလာခံက တရားဝင် အသိအမှတ်ပြု ပြဋ္ဌာန်းကာ ငါးနှစ်တစ်ကြိမ် အောက်တိုဘာလ ၂၀ ရက်နေ့ရောက်တိုင်း ကမ္ဘာ့စာရင်းအင်းနေ့ကို ကျင်းပလေ့ရှိပါသည်။ နိုင်ငံတကာစာရင်းအင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ကမ္ဘာတစ်ဝန်းမှ စာရင်းအင်းပညာရှင်များ၊ နိုင်ငံပေါင်း ၁၀၀ ကျော်မှလည်း ဒုတိယအကြိမ် ကမ္ဘာ့စာရင်းအင်းနေ့ကို **“စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်လေ၊ လူမှုဘဝ ပိုကောင်းလေ”** **"Better Data, Better Lives"** ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့စာရင်းအင်းနေ့အခမ်းအနားနှင့် စာရင်းအင်းဖွံ့ဖြိုးမှုဆိုင်ရာဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ဆင်နွှဲလျက်ရှိကြပါသည်။

ပထမဆုံးအကြိမ် ကမ္ဘာ့စာရင်းအင်းနေ့အခမ်းအနားကိုလည်း လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက်က မြန်မာနိုင်ငံတွင် **"Service, Professionalism, and Integrity: Celebrating the many contributions and achievements of official statistics"** ဆောင်ပုဒ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပခဲ့ပါသည်။

ကမ္ဘာ့စာရင်းအင်းနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"Better Data, Better Lives"** သည် အဓိပ္ပာယ်ပြည့်ဝလျက်ရှိပါသည်။ ဒေတာအချက်အလက်များကို မှန်မှန် ကန်ကန် ကောက်ယူဖော်ပြ သုံးသပ်နိုင်မှသာလျှင် လိုအပ်သည့်ကဏ္ဍများ၊ နေရာဒေသများ၊ ဆောင်ရွက်ရန်အချက်များကိုဖော်ထုတ်ကာ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ စီမံကိန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ **စီးပွားရေးမူဝါဒ(၄)ရပ်တွင် စတုတ္ထအချက်**ဖြစ်သည့် **“စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး”** ကို ထည့်သွင်းဖော်ပြထားပါသည်။ စာရင်းအင်းအရည်အသွေးပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ် ပြည့်စုံတိကျမှန်ကန်စေရေးအတွက် လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ၊ ညွှန်ကိန်းများကို ပြည့်စုံအောင် တွက်ချက်ဆောင်ရွက်နိုင်သည့် **မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်**မှာ နိုင်ငံတော်၏ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။ **အမျိုးသားစာရင်းအင်းဆိုင်ရာ မူဝါဒ တစ်ရပ်လည်း ဖြစ်ပါသည်။** အမျိုးသားစာရင်းအင်းစနစ်ဆိုသည်မှာ **တရားဝင်စာရင်းအင်းများ (Official Statistics) ကို ပြုစုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြသော စနစ်ပင်ဖြစ်သည်။ တစ်နည်းဆိုသော် နိုင်ငံတော်အစိုးရက ထုတ်ပြန်သည့် စာရင်းအင်းအချုပ်ပင် ဖြစ်ပါသည်။** အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှု တိုးမြှင့်စေနိုင်ပါသည်။




နိုင်ငံဖွံ့ဖြိုးစေရန် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်သော ခိုင်မာသော စာရင်းအင်းများဖြစ်စေရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ နိုင်ငံတော်၏လက်ရှိဖြစ်ပေါ်နေသော စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်သော စာရင်းအင်း အချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။ လက်တွေ့ကျသည့် မူဝါဒများကို ခိုင်မာအောင်ဆောင်ရွက်သည့်နေရာတွင်လည်း မရှိမဖြစ်အရေးပါသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် ကဏ္ဍများ၊ နေရာဒေသများ ရှာဖွေဖော်ထုတ်ရာတွင်လည်း အလွန်အရေးပါပါသည်။

**သို့ဖြစ်ပါ၍ “စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး”** အတွက် လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များကို ပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ပြည့်စုံစေရန်အတွက် အချက်အလက်များကို စုစည်းခြင်း၊ ပြုစုခြင်း၊ ခွဲခြားဆန်းစစ်ခြင်း၊ အစီရင်ခံခြင်း စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ စာရင်းအင်းအခြေခံသဘောတရားနှင့် နည်းလမ်းများ၊ အချက်အလက်များအား ကောက်ယူပုံနှင့် တိကျမှန်ကန်မှုမှာ အရည်အသွေးရှိသောကိန်းဂဏန်းများ ရရှိစေရေးအတွက် အဓိကကျပေသည်။

ကမ္ဘာ့စာရင်းအင်းနေ့၏ **“စာရင်းအင်းအချက်အလက်များပိုမိုအရည်အသွေးမြင့်လေ၊ လူမှုဘဝ ပိုကောင်းလေ”** ဆောင်ပုဒ်အရ နိုင်ငံတစ်နိုင်ငံ၏ **အမျိုးသားစာရင်းအင်းစနစ်** အရည်အသွေးပြည့်ဝမှသာလျှင် မူဝါဒ ချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုစီးပွားသုတေသနဆောင်ရွက်သူများ စသည်ဖြင့် အားလုံးအတွက် ချမှတ်သည့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ရာ ကမ္ဘာ့စာရင်းအင်းနေ့တွင် စာရင်းအင်းကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ရေး၏အရေးပါပုံကို မီးမောင်းထိုး၍ ကမ္ဘာ့စာရင်းအင်းနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

---

❖ ကျောဖုံးမှ

၂၃-၇-၂၀၁၅ ရက်က အတည်ပြုချက်ရရှိထားပြီဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ အဓိကရည်မှန်းချက်ကတော့ ထူးချွန်ထက်မြက်တဲ့ အားကစားသမားကောင်းတွေ ပေါ်ထွက်လာဖို့ဖြစ်ပါတယ်” ဟု အားကစားဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူးလည်းဖြစ် ဒုတိယအမြဲတမ်း အတွင်းဝန်လည်းဖြစ်သည့် ဦးကျော်ဦးက မြန်မာ့အလင်းနှင့် တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သည်။



ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး။

အဆိုပါအားကစား ပင်မစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကမဏ္ဍိုင်ကြီးသုံးရပ်ကို ငါးနှစ်စီခွဲ၍ အနှစ် ၂၀ စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၁-၂၀၁၅ မှ ၂၀၂၆-၂၀၃၀ အထိ စီမံကိန်းများချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဓိကမဏ္ဍိုင်ကြီး သုံးရပ်မှာ (၁) လုပ်ငန်းစဉ်များ (ပြည်တွင်း၊ ပြည်ပပြိုင်ပွဲ၊ အားကစားလှုပ်ရှားမှုအစီအစဉ်)၊ (၂) အားကစားဆိုင်ရာပစ္စည်းများ တပ်ဆင်ခြင်း(အထောက်အကူပြုပစ္စည်းများ၊ ကွင်း/ရုံများ)၊ (၃) ဖွဲ့စည်းတည်ဆောက်မှု(အဖွဲ့ အစည်းများဖွဲ့စည်းခြင်း၊ အသင်းများ၊ အဖွဲ့ချုပ်များ၊ ပြည်တွင်း ပြည်ပအဖွဲ့များတွင်ပါဝင်ခြင်း) တို့ဖြစ်သည်။

ယင်းအဓိကမဏ္ဍိုင်ကြီးသုံးရပ်ကို အခြေခံ၍ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ လူငယ်များ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိရေး၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာ့အားကစားဝင်ဆံ့လာနိုင်ရေးတို့အတွက် မျှော်မှန်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာ့အားကစားစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃ ခုနှစ်က စတင်ကာ B.Sc (Sport) သင်တန်းများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဒဂုံတက္ကသိုလ်နှင့် မန္တလေးရတနာပုံတက္ကသိုလ်တို့တွင် ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လာမည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်ကာ နေပြည်တော်၌ အားကစားတက္ကသိုလ်ဖွင့်လှစ်နိုင်ရန် အားကစားတက္ကသိုလ်ကြီး တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

# ရန်ကင်းကလေးဆေးရုံကြီးသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ရန်ကင်းကလေးဆေးရုံကြီးတွင် တစ်နေ့တာအာဟာရ ကျွေးမွေးခြင်းနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက ရန်ကင်းကလေးဆေးရုံကြီးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံများသို့ အာဟာရလှူဒါန်းခြင်းနှင့် ဆေးပဒေသာပင်များ လှူဒါန်းခြင်းဖြင့် ပြည်သူလူထုအခြေပြုကျန်းမာရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရန် တစ်ဖက်တစ်လမ်းက ပါဝင်ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များ လှူဒါန်းသောငွေကျပ် တစ်နေ့တာ အာဟာရနှင့် ငွေပဒေသာပင် ငွေကျပ် ၁၆၅ သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာသာထွန်းကျော်ထံ ပေးအပ်လှူဒါန်းပြီး တက်ရောက်ကုသမှုခံယူနေသော ကလေးငယ်များအား တစ်နေ့တာ အာဟာရကျွေးမွေး လှူဒါန်းကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

# မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆင့်ပွားသင်တန်းဖွင့်

**သာယာဝတီ အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်ပုံ ဆင့်ပွားသင်တန်းကို မိုးလုံလေလုံအားကစားခန်းမ၌ အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကျင်ထွဋ်၊ သာယာဝတီရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့်အဖွဲ့ဝင်များ၊ သာယာဝတီရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူး၊ ရပ်ကွက်/ကျေးရွာကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ စုစုပေါင်း ၃၉၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သာပေါင်း၌ ရေဘေးသင့်ကျေးရွာများဖွံ့ဖြိုးရေးအတွက် ကွန်ကရစ်လမ်းခင်း



**သာပေါင်း အောက်တိုဘာ ၁၉**

သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ရေဘေးသင့်ကျေးရွာများ သဘာဝဘေးဒဏ်လျော့ပါးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေ ကျပ်သိန်းတစ်ထောင်အနက် ငှက်ပျောတောကျေးရွာအုပ်စု ကုလားဝဲ၊ တံခွန်တိုင် ကျေးရွာချင်းဆက် ပေ ၉၀၀ ကျော်၊ အကျယ်ခြောက်ပေ၊ ထုငါးလက်မရှိ ကွန်ကရစ်ခင်းလမ်းမကြီးအတွက် ငွေကျပ်သိန်း ၄၀ ဖြင့် အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီမှစတင်၍ တံခွန်တိုင် ဆရာတော် ဦးပညာဇောတနှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စိုးဌေး၊ ကျေးလက်အထောက်အကူပြုဥက္ကဋ္ဌမန်းကျော်ဆွေ၊ ကရင် တိုင်းရင်းသားရိုးရာနှင့်စာပေကော်မတီနာယက မန်းရွှေထိန်ဝင်းတို့ ကြီးကြပ်မှုဖြင့် ရွာသူရွာသားများက ကွန်ကရစ်လမ်းမကြီးခင်းကြသည်။ **(ယာပုံ)**

"ကျွန်တော်တို့ကျေးရွာမှာ ဒါးကမြစ်ဝရေကြီးရေလျှံဖြစ်လာရင် စိုက်ပျိုးထားတဲ့ လယ်ယာမြေတွေပျက်စီးဆုံးရှုံးခံနေကြရတယ်၊ ဒီနှစ်မှာ ဇူလိုင်လမှယနေ့အထိ လယ်မြေတွေဆုံးရှုံးနေကြလို့ ရွာသူရွာသားတွေ ဘာလုပ်ငန်းမှ လုပ်ကိုင်လို့မရပါဘူး၊ ဒါပေမယ့် လုပ်ငန်းတွေပြတ်လပ်တဲ့အချိန်မှာ ကျေးရွာဖွံ့ဖြိုးရေးလမ်းတွေ မြေသားမြှင့် ကွန်ကရစ်ခင်းလုပ်အားတွေပေးရတော့ ကုသိုလ်လည်းရပါတယ်။ကျွန်တော်တို့ လယ်မြေတွေရေကြီးနစ်မြုပ်မှုကာကွယ်နိုင်သလို ရွာသူ ရွာသားတွေလည်း သွားလမ်းသာ၊ လာလမ်းဖြောင့်ဖြူးကြမှာမို့ တိုင်းဒေသကြီးလွှတ်တော်ကိုလည်း ကျေးဇူးတင်ရှိပါတယ်"ဟု မန်းဗေဒါက ပြောသည်။

**ပုသိမ်-လှကြည်**

## မဲရုံလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ရှင်းလင်း

**မြိုင် အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့မီးသတ်ဦးစီးဌာနရုံးအပေါ်ထပ်ခန်းမ၌ မဲရုံလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များရှင်းလင်းပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထန်လျံမန်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်သီဟက တက်ရောက်လာသည့် မြိုင်ဇုန် ၉၁ မဲရုံအတွင်း အရန်မီးသတ်တပ်ဖွဲ့တို့အား မဲရုံလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကြောင်းသိရသည်။

**စိန်မြိုင်(မြိုင်)**

# ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)ဥက္ကဋ္ဌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးမှုရှင်းလင်း

**မန္တလေး အောက်တိုဘာ ၁၉**

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(RCSS/SSA-S)ဥက္ကဋ္ဌ ဦးရွက်ဆစ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုး၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မှုများကို မန္တလေးမြို့ရှိ ရှမ်းတိုင်းရင်းသားများအား ရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် (၃၅)လမ်းရှိ ရှမ်းတိုင်းရင်းသားများအသင်းတိုက်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းမောင်လှ၊ ရှမ်းတိုင်းရင်းသားများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တက္ကသိုလ်ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊မန္တလေးမြို့ရှိ ရှမ်းတိုင်းရင်းသား မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးရှမ်းတိုင်းရင်းသားများ လူမှုရေးအသင်းဥက္ကဋ္ဌက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS/SSA-S) ဥက္ကဋ္ဌက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခြင်းသည် သာမန်အပစ်ရပ်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခြင်း မဟုတ်ဘဲ ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ လျှောက်လှမ်းရမည့်ခရီး၏ ပထမဆုံးခြေလှမ်း ဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ကာအားလုံးပါဝင်သောနိုင်ငံရေးဆွေးနွေးပွဲများမှ တစ်ဆင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်သည်အထိ ကြိုးပမ်း၍ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖော်ဆောင်ကြရန် ပြောကြားသည်။ ထို့နောက် သတင်းမီဒီယာများ၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့်ပတ်သက်သည့် သဘောထားများအား မေးမြန်းရာ ဥက္ကဋ္ဌက ပြန်လည်ဖြေကြားပြီး တက်ရောက်လာသည့် မန္တလေးမြို့ရှိ ရှမ်းတိုင်းရင်းသားများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အထူးရဲ ၁၈၀ ခန့်အပ် တာဝန်ပေးအပ်ပွဲ ဒလ၌ကျင်းပ

**ဒလ အောက်တိုဘာ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲမြင့်ဦးစီး၍ မြို့နယ်အတွင်း ပြည်သူများအေးချမ်းသာယာစွာဖြင့် ဆန္ဒမဲပေးနိုင်စေရန် ရည်ရွယ်၍ အထူးရဲများခန့်အပ်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ဇေယျာသီရိနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ရွှေက ရွေးကောက်ပွဲအတွက် တာဝန်ထမ်းဆောင်ကြမည့် အထူးရဲများအားဝမ်းမြောက်ဂုဏ်ယူမိကြောင်း မဲရုံမှူး၊ဒုမဲရုံမှူး၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ရွေးကောက်ပွဲတွင် မဲရုံတစ်ရုံ၌ အထူးရဲတစ်ဦးစီခန့်အပ်ထားကြောင်း၊ မြို့မရဲစခန်းပိုင်နယ်မြေများဖြစ်သော မြို့ပေါ်ရပ်ကွက် (၂၃) ရပ်ကွက်တွင် မဲရုံပေါင်း ၁၁၈ ရုံရှိပြီး ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းအပိုင် နယ်မြေများဖြစ်သော ကျေးရွာအုပ်စု ၂၃ စုမှ ကျေးရွာ ၅၅ ရွာတွင် မဲရုံပေါင်း ၆၂ ရုံရှိကြောင်း၊ ထို့ကြောင့် အထူးရဲစုစုပေါင်း ၁၈၀ ခန့်အပ်ထားကြောင်း၊ အထူးရဲများကို အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက် အထိ သင်တန်းပို့ချမည်ဖြစ်ကြောင်း ရဲမှူးက ထပ်ဆင့်ပြောကြားခဲ့သည်။

**သန်းဌေး(ဒလ)**


## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း**


## အောက်တိုဘာ ၁၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆၀၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန် (ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတိုး (ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၆ | မတ်ပဲ (FAQ) (ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၂၀၀၀၀ |
| ၇ | ပဲတီစိမ်း (ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၂၆၇၀ |
| ၈ | ဆွန်တာ (ပဲ) | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၀၅ မှ ၁၀၄၅ |
| ၉ | ထောပတ် (ပဲ) | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၉၅၅ မှ ၉၉၅ |
| ၁၀ | ပဲကြီး (ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၆၅ မှ ၁၈၆၀ |
| ၁၁ | ပြောင်းဆန် | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၆၀ မှ ၄၈၅ |
| ၁၂ | ပဲလွန်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၃၀ မှ ၁၆၂၀ |
| ၁၃ | ဘိုကိတ် (ပဲ) | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၁၅ မှ ၁၅၀၀ |
| ၁၄ | နှမ်းနက် စမုံ (နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၅၀၀၀ မှ ၂၁၈၀၀၀ |
| ၁၅ | နှမ်းညို (နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၈၀၀၀မှ ၉၀၀၀၀ |
| ၁၆ | ပန်းနှမ်း (နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ |
| ၁၇ | နှမ်းဖြူ (နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၂၀၀၀ မှ ၁၁၀၀၀၀ |
| ၁၈ | နှမ်းနက် (နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၅၀၀၀ မှ ၁၅၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်



# ဖားဆောင်းမြို့နယ် မော်ချီးဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၁၉**

ကယားပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် သန္နေတပ်ဖွဲ့ဝင်များနှင့် ထပ်မံရောက်ရှိလာသော ရှာဖွေကယ်ဆယ်ရေးတပ်စုတို့ပူးပေါင်းပြီး အဖွဲ့နှစ်ဖွဲ့ခွဲကာ အောက်တိုဘာ ၁၅ ရက်က ရှာဖွေကယ်ဆယ်ရေး အဖွဲ့(၁)သည် ကယ်ဆယ်ရေးစခန်းများသို့ ထောက်ပံ့ပစ္စည်းသယ်ယူပေးခြင်း၊ အဖွဲ့(၂)သည် ကွန်ကရစ်ခာတ်တိုင်ဖြင့် ယာယီတည်ဆောက်ထားသော တံတားအားဖယ်ရှားပြီး ဘေလီတံတားအသစ်တည်ဆောက်ခြင်းများကို ကူညီဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**

ထို့အပြင် အောက်တိုဘာ ၁၆ ရက်ကလည်း ကယ်ဆယ်ရေးအဖွဲ့(၁)သည် လိုခါးလိုကျေးရွာသွားသည့်လမ်းမှ တံတားချဉ်းကပ်လမ်းအထိ မြေပြိုမှုအား သစ်ငုတ်များရိုက် လျက်ကျောက်၊ သဲများဖြည့်တင်း၍ မြေထိန်းနံရံပြုလုပ်ခြင်း၊ အဖွဲ့(၂)သည် ထောက်ပံ့ပေးအပ်မည့်ပစ္စည်းများအား မော်တော်ယာဉ်များပေါ်သို့ ပို့ဆောင်ပေးခြင်း၊ အောက်တိုဘာ ၁၇ ရက်က ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး စားသောက်နေထိုင်ရေး၊ မြေနေရာအသစ်ရှာဖွေခြင်း လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နောင်ချို-မန္တလေး-လားရှိုး တိုးချဲ့ခရီးစဉ် ချိုလွင်မန်း ယာဉ်ငယ် အသင်း လိုင်းဖွင့်

**နောင်ချို အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်သည် တောင်သူလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကာ မြန်မာ၊ ရှမ်း၊ ဓနု၊ ပြည်ထောင်စုတိုင်းရင်းသားများဖြစ်သည့် ဒေသခံပြည်သူများ ကျန်းမာရေး၊ လူမှုရေး၊ ခရီးသွားများ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် နောင်ချို-မန္တလေး၊ နောင်ချို-လားရှိုး တိုးချဲ့ခရီးစဉ် ချိုလွင်မန်းခရီးသည်တင်ယာဉ်ငယ်အသင်း လိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက နောင်ချိုမြို့ မြနန်းတော်ဝင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ နောင်ချို-မန္တလေး-လားရှိုးလိုင်း (ချိုလွင်မန်း) အသင်းကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကို၊ မြို့နယ်မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးတင်ငွေ၊ အတွင်းရေးမှူး ဦးတင်မြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။အဆိုပါ ယာဉ်ငယ်အသင်းဖွင့်လှစ်ပေးခြင်းကြောင့် ဒေသခံပြည်သူများအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း**

## ရေဘေးသင့် တမူးဒေသတွင် ရက်ကန်းရက်နည်းပညာပေးသင်တန်းဖွင့်

**တမူး အောက်တိုဘာ ၁၉**

အသက်မွေးဝမ်းကျောင်းပြုရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကော်မတီကကြီးမှူးပြီး ရက်ကန်း ရက်နည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို တမူးမြို့ ဇမ္ဗူရတနာဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်းနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်တို့က အမှာစကားများ ပြောကြားကြပြီး သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်းနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဌာနဆိုင်ရာများ ရပ်ကွက်နှင့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသူ ၃၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာနနှင့် တမူးမြို့မှ သင်တန်းနည်းပြများက အောက်တိုဘာ ၁၈ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ၁၄ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# အရွယ်မရောက်သေးသော အိမ်အကူမိန်းကလေးငယ် မသန်းသန်းအိအား ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ဥပဒေအရအရေးယူနိုင်ရေးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၉

**အရွယ်မရောက်သေးသော အိမ်အကူမိန်းကလေးငယ်တစ်ဦးအား ညှဉ်းပန်းနှိပ်စက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်နှင့် ကော်မရှင်ရုံး ဝန်ထမ်းနှစ်ဦးတို့အား အခင်းဖြစ်ပွားရာသို့ ကွင်းဆင်းစစ်ဆေးစေခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် ဦးဝိစာရလမ်း တော်ဝင်အိမ်ရာ အမှတ်(၂၄) အခန်း(၃)တွင် နေထိုင်သူ ဒေါ်အေးအေးဝင်းသည် မသန်းသန်းအိအား အိမ်အကူအဖြစ် လွန်ခဲ့သော သုံးနှစ်ခန့်က ခေါ်ဆောင်ခဲ့ကြောင်း၊ ဇူလိုင် ၁၄ ရက်တွင် မသန်းသန်းအိသည် ၎င်းနေထိုင်သောအိမ်မှ ညှဉ်းပန်းနှိပ်စက်ခြင်းကို မခံနိုင်သည့်အတွက် ထွက်ပြေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် မြောက်ဥက္ကလာပမြို့နယ် မေဓာဝီဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရကြောင်း၊ ခေါင်းနှင့်ခြေထောက်ရှိ ဒဏ်ရာများ ပြင်းထန်သောကြောင့် ဆေးရုံတွင် ခြောက်ရက်ကုသမှုခံယူခဲ့ရကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး မြောက်ဒဂုံရဲစခန်း၌ အမှုဖွင့်ခဲ့ရာ ၎င်းနေ့တွင်ပင် ပြစ်မှုကျူးလွန်သူ ဒေါ်အေးအေးဝင်းအား ရဲစခန်းမှ သွားရောက်ဖမ်းဆီးသော်လည်း ဒေါ်အေးအေးဝင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါအမှုကိစ္စနှင့်ပတ်သက်၍ လူ့အခွင့်အရေးကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်အရ မသန်းသန်းအိအား နှိပ်စက်ညှဉ်းပန်းသူသည် ဒေါ်အေးအေးဝင်းတစ်ဦးတည်းသာမကဘဲ သမီး၊ သားမက်နှင့်သားဖြစ်သူတို့လေးဦးပါဝင်နေကြောင်း ဖော်ထုတ်သိရှိရသဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့လည်းကောင်း၊ အမျိုးသမီးငယ်၏ နစ်နာဆုံးရှုံးမှုများအတွက် ထိုက်သင့်သည့်ကူညီစောင့်ရှောက်မှုများပေးနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့သို့လည်းကောင်း အကြောင်းကြားညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ပြစ်မှုကျူးလွန်သူများအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄၊ ပုဒ်မ ၃၂၅၊ ပုဒ်မ ၃၅၄ နှင့် ပုဒ်မ ၅၀၆ တို့ဖြင့် တရားရုံးသို့ တရားစွဲတင်ခဲ့ပြီးဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း အမှုပြီးမြောက်ချိန်တွင် မသန်းသန်းအိဆန္ဒရှိက လူမှုဝန်ထမ်း ဦးစီးဌာနလက်အောက်ရှိ ရန်ကုန်မြို့ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် လက်ခံစောင့်ရှောက်ပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးစပါး ပုလဲသွယ် ဧက ၁၀ စံပြစိုက်ခင်းစံကွက်ရိတ်သိမ်း

**တောင်တွင်းကြီး အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး၏ ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာ ကွင်းအမှတ်(၂၀၀၀)တောင်သူ ဦးကျော်ဆွေ၏ မိုးကောင်းသောက်မိုးစပါး ပုလဲသွယ် ဧက ၁၀ စံပြစိုက်ခင်း၌ အောက်တိုဘာ ၁၈ ရက်က စံကွက်ရိတ်သိမ်းရာ တစ်ဧကအစို ၁၅၆ ဒသမ ၂၅ တင်း၊ အခြောက် ၁၄၃ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း သိရသည်။ **(ဝ၂၁)**

# တပ်မတော်စစ်ကြောင်းများနှင့် အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့များ ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၁၉

**ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းစံကျေးရွာ၏ အနောက်မြောက်ဘက် ခြောက်မိုင်ကျော်အကွာ နန့်ပန်ချောင်း၏ အနောက်ဘက်နယ်မြေအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းစဉ် အက်စ်အက်စ်အေ (ဝမ်ဟိုင်း)အဖွဲ့များနှင့် ထိတွေ့တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။**

အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့မှ အင်အားစုတချို့သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့သည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီးတွင် ဝမ်ဟိုင်းဌာနချုပ်၌သာ အခြေပြုနေထိုင်ရန် သတ်မှတ်ထားခဲ့သော်လည်း ဝမ်ဟိုင်းဌာနချုပ်မှ တောင်ဘက် ၁၀ မိုင်ခန့်အကွာ နယ်မြေအတွင်း၌ အခိုင်အမာစခန်းဆောက်၍ အခြေပြုနေကြောင်း စိစစ်တွေ့ရှိရသဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို မထိခိုက်စေရေး၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး မူဘောင်ဆွေးနွေးမှုများ မထိခိုက်စေရေး၊ သတ်မှတ်နယ်မြေသို့ ပြန်လည်ဆုတ်ခွာရန် တပ်မတော်က အကြိမ်ကြိမ်သတိပေးခဲ့သော်လည်း ဝမ်ဟိုင်းဌာနချုပ် မူလနယ်မြေသို့ ဆုတ်ခွာခြင်းမရှိသည့်အပြင် တပ်မတော်စစ်ကြောင်းများသို့ ပစ်ခတ်လာသဖြင့် တပ်မတော်စစ်ကြောင်းများက ရှင်းလင်းတိုက်ခိုက်ခဲ့ရာ အောက်တိုဘာ ၆ ရက်မှ ယနေ့အထိ ထိတွေ့တိုက်ခိုက်မှု ၃၇ ကြိမ် ဖြစ်ပွားခဲ့ပြီး အောက်တိုဘာ ၁၈ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် ၎င်းတို့အခိုင်အမာအခြေပြုထားသော ပွိုင့်-၈၅၈၊ ပွိုင့်-၁၂၈၆ နှင့် ပွိုင့်- ၁၃၀၉ လွယ်ခူတောင်ကုန်းများအား သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွားနေစဉ် အောက်တိုဘာ ၁၆ ရက်နှင့် ၁၈ ရက်များက လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်သို့လည်း အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့များက လက်နက်ကြီး/လက်နက်ငယ်များဖြင့် နှစ်ကြိမ်တိုင်တိုင် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ရင်းဌာနချုပ်မှ စစ်သည်များနှင့် အိမ်ထောင်သည်ရဲမေများက ပြန်လည်ခုခံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ၎င်းအဖွဲ့များ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။




အဆိုပါဖြစ်စဉ်များတွင် အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့မှ အလောင်းခုနစ်လောင်း၊ လက်နက်မျိုးစုံရှစ်လက်နှင့် ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ အရာရှိ/စစ်သည်တချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး အချို့မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို နှောင့်ယှက်ထိပါးမှုမှ ကာကွယ်နိုင်ရေးတို့အတွက် တပ်မတော်မှ ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

# ရေကြောင်းမျိုးဆက်သစ်များအတွက် လက်တွေ့ပညာရပ်များဖြည့်ဆည်း

**ရန်ကုန် အောက်တိုဘာ ၁၉**

နိုင်ငံတကာသင်္ဘောများပေါ်နှင့် ရေကြောင်းဆိုင်ရာ လုပ်ငန်းများတွင် မြန်မာနိုင်ငံမှ ရေကြောင်းပညာတတ် မျိုးဆက်သစ်များအတွက် အထောက်အကူပြုပညာရပ်များကို ထပ်မံ၍ လက်တွေ့သင်ကြားပေးရန် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်၌ အောက်တိုဘာ ၁၆ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်သည်။



ရေကြောင်းသိပ္ပံ ကျောင်းသားများ၊ ရေကြောင်း အင်ဂျင်နီယာ ကျောင်းသားများ၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ကျောင်းသားများကို အသက်ကယ်လှေအား စနစ်တကျမောင်းနှင်ခြင်း၊ အသက်ကယ်လှေပေါ်ရှိ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပစ္စည်းများ အသုံးပြုခြင်း၊ အရေးပေါ်ဆက်သွယ်ခြင်း၊ ရှေးဦးပြုစုခြင်း သင်ခန်းစာများကို လက်တွေ့လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းကို မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်နှင့် Brilliance Maritime Training Centre (BMTC) တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်အနေဖြင့် ကျောင်းသားကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ပညာရပ်များကို ကျယ်ပြန့်စွာ လေ့လာနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ သင်္ဘောကုမ္ပဏီ ၃၀၊ ပြည်ပကုမ္ပဏီ သုံးခုတို့တွင် ရေကြောင်းဘက်ဆိုင်ရာအပြင် ပြည်ပနိုင်ငံများ၌ အလုပ်အကိုင်များရရှိရေး ဆက်သွယ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများနှင့် ဆိပ်ကမ်းများတွင်လည်း အလုပ်အကိုင်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သင်တန်းဖွင့်ပွဲသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ဝေယံဦး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဒေသခံများနှစ်သက်သည့် ပရိတင်းဓာတ်အပြည့်ပါသော ဝါးပိုးများလှိုင်လှိုင်ပေါ်

**ကျိုင်းတုံ အောက်တိုဘာ ၁၉**

မိုးအကုန် ဆောင်းအကူးကာလ၌ အထက်အညာဒေသတွင် ရာသီစာပုရစ်များ လှိုင်လှိုင်ပေါ်ပြီဖြစ်သကဲ့သို့ သံလွင်အရှေ့ခြမ်းဒေသများဖြစ်သည့် ကျိုင်းတုံနှင့် မိုင်းဖြတ်တစ်ဝိုက်ရှိ တောတောင်များမှ ဒေသခံများ နှစ်ခြိုက်သည့် ပရိတင်းဓာတ်ကြွယ်ဝသော ဝါးပိုးများ လှိုင်လှိုင်ပေါ်ပြီဖြစ်သည်။



"ဝါးပိုးဆိုပေမယ့် ဝါးပင်တိုင်းမှာ မရှိတတ်ပါဘူး၊ ဝါးပိုးရှိတဲ့ဝါးပင်မှာ သေသေချာချာကြည့်မှ ရေလေးတွေ စိမ့်ထွက်နေတာကို မြင်ရမှာပါ။ ဒါဆိုရင် ဝါးပိုးရှိပြီလို့ ယူဆရပါပြီ။ အကောင်ရေအနည်းအများကတော့ ခန့်မှန်းလို့ မရပါဘူး။ ဝါးတစ်ဆစ်ထဲမှာ အကောင်နှစ်ဆယ် သုံးဆယ်ရှိတတ်သလို တစ်ရာနီးပါးရှိတာမျိုးလည်းကြုံရပါတယ်။ ကျွမ်းကျင်မှုအပေါ်မူတည်ပြီး တစ်ရက်ကို ဝါးပိုးတစ်ပိဿာလောက် ရနိုင်ပါတယ်။ သာမန်အားဖြင့်တော့ ဝါးပိုးတစ်ပိဿာရဖို့ နှစ်ရက် သုံးရက်တော့ ရှာဖွေကြရပါတယ်" ဟု ကျိုင်းတုံဒေသပန်ကွဲတောင်အနီးတွင် ဝါးပိုးရှာဖွေသူ 'ဝ' တိုင်းရင်းသား ကိုညီကျော်က ပြောသည်။

ဝါးပိုးအစိမ်း (အရှင်)တစ်ပိဿာလျှင် ဒိုင်သွင်းဈေး ငွေကျပ် ၂၀၀၀၀ ရှိပြီး ပုံမှန်အားဖြင့် လက်လီဝယ်ယူသူနည်းပါးပြီး ဝါးပိုးကြော်ပြုလုပ်သူများက လက်ကားဈေးဖြင့်ကောက်ကာ ရွေးချယ်သန့်စင်ကြော်ပြီးမှသာ ဈေးကွက်အတွင်း လက်လီပြန်လည်ရောင်းချလေ့ရှိကြသည်။

"ဝါးပိုးကြော်ကို ကြိုက်တော့ကြိုက်တယ်။ ဒါပေမယ့် အကောင်အရှင်လေးတွေက လှုပ်စိလှုပ်စိနဲ့ အသည်းယားဖို့ ကောင်းတာကြောင့် အရှင်ဝယ်ပြီး ကိုယ်တိုင်ကြော်စားတာမျိုး မလုပ်ပါဘူး။ ကြော်ပြီးသားပဲ ဝယ်စားတယ်။ သူက ပရိတင်းအလွန်ကြွယ်ဝလို့ အများကြီးတော့ မစားရဲဘူး။ အထူးသဖြင့် သွေးတိုးရှိသူတွေတော့ ရှောင်သင့်တဲ့အစားအစာပါ" ဟု ကျိုင်းတုံသူလေး နန်းရဲရှန်မွန်းက ပြောသည်။

အဆိုပါ ဝါးပိုးအစိမ်းတစ်ပိဿာကိုကြော်လျှင် ဝါးပိုးကြော် ၃၀ သားခန့်သာရရှိပြီး လက်လီဈေးအဖြစ် ၁၀ သားငွေကျပ် ၁၀၀၀၀ ဈေးဖြင့် ရောင်းချပြီး ပစ္စည်းရရှိမှုအပေါ်မူတည်ကာ ဈေးနှုန်းအတက်အကျရှိကြောင်း ပန်ကွဲတောင်မှ ဈေးသည်တစ်ဦးထံမှ သိရသည်။

ဝါးပိုးအရှင်များကို တာချီလိတ်မြို့မှတစ်ဆင့် အိမ်နီးချင်းထိုင်းနိုင်ငံသို့လည်း တင်ပို့ရောင်းချကြကာ ယခုလို လှိုင်လှိုင်ပေါ်ချိန်၌ တာချီလိတ်နှင့် မယ်ဆိုင်မြို့များတွင် တစ်ကီလို ထိုင်းဘတ်ငွေ ၄၅၀ မှ ၅၀၀ အထိ ဈေးရရှိကြောင်းနှင့် ထိုင်းနိုင်ငံမှ အရှင်များကိုသာ အဓိကဝယ်ယူကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ကြို့ပင်-ရွာသစ်ကြီးကျေးလက်လမ်းမကြီး ပြုပြင်ဆောင်ရွက်လျက်ရှိ

**စဉ့်ကူး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ မိုးတွင်းကာလက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီး၊ ရေလျှံမှုများ နေရာအနှံ့တွင် ဖြစ်ပေါ်ခဲ့ပြီး မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်း၊ တံတားများ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ အရှည်ပေ ၄၅၀၀ ရှိ ကြို့ပင်-ရွာသစ်ကြီး ကျေးလက်ကုန်ထုတ်လမ်းမကြီးလည်းတစ်ခု အပါအဝင် ဖြစ်ခဲ့သည်။

ယခုအခါ အဆိုပါ ရေတိုက်စားပျက်စီးခဲ့သော ကျေးလက်ကုန်ထုတ်လမ်းမအား ပြန်လည်ပြုပြင်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁၇ ရက်က လမ်းမကြီးတွင် စက်ယန္တရားကြီးများဖြင့် ဂျင်းကျောက်ထပ်ပိုးလွှာများခင်းခြင်း၊ လမ်းကြိတ်စက်ကြီးများဖြင့် တစ်ပြိုင်တည်းဆောင်ရွက် =လျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်**

# ကျန်းမာရေးအသိပညာပေး ဆေးကုသမှုဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့်ဒေသခံများအားကျန်းမာရေး စစ်ဆေးကုသခြင်းအား အောက်တိုဘာ ၁၄ ရက်က ချိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်လှလှကြည်က သန့် (၄)သန့်အကြောင်း၊ ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း၊ ကင်ဆာရောဂါအကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များလိုက်နာရမည့် အချက်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှကျေးရွာနေ ဒေသခံများ ဆေးရုံသို့ တက်ရောက်ပါက နေ့စဉ်စားစရိတ်နှင့် လမ်းစရိတ်ကိုပါ ပေးအပ်သည့်အကြောင်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ခေတ္တမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံ ၅၀ ကို အခမဲ့ကျန်းမာရေးစစ်ဆေးပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (ရှုပဗေဒ)**

# မဲရုံမှူးနှင့်အဖွဲ့ဝင်များ ပညာပေးသင်တန်းဖွင့်

**ပျဉ်းမနား**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် အဖွဲ့ဝင်များအား လုပ်ငန်းစဉ်များ အသိပညာပေးသင်တန်းကို အောက်တိုဘာလ ဒုတိယပတ်က ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ပျဉ်းမနားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာပေးသင်တန်းတွင် နည်းပြများနှင့် တာဝန်ရှိသူများက မဲရုံမှူး၊ ဒုမဲရုံမှူးများတာဝန်၊ မဲရုံအဖွဲ့ဝင်များ တာဝန်၊ မဲရုံသုံးပုံစံများ၊ ခိုင်လုံမဲနှင့် ပယ်မဲများ သိကောင်းစရာများအကြောင်းကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **သူဇာလှိုင်(စက်မှု)**

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ မဲရုံမှူး၊ ဒုမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ရာ သင်တန်းသား ၂၆၇ ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မဲရုံမှူးနှင့် ဒုမဲရုံမှူးများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ လွှတ်တော်အလိုက် မဲစာရင်းရေတွက်ပုံကိုလည်းကောင်း၊ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေးနှင့် မင်တို့မည့်မဲရုံအဖွဲ့ဝင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း ပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**တနိုင်း**

ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ထမ်းဆောင်ကြမည့် မဲရုံဝန်ထမ်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အထွေထွေအချက်အလက်ပို့ချသည့်သင်တန်းကို အောက်တိုဘာ ၁၆ ရက်က တနိုင်းမြို့နယ် ဟူးကောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် မဲရုံဝန်ထမ်းများ၏ တာဝန်ဝတ္တရားများနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ပိုင်ခွင့်များ၊ မဲပေးခြင်းလုပ်ငန်းစဉ်များ၊ မဲရုံတွင် လိုအပ်မည့်ပုံစံစာရင်းများ၊ မဲရေတွက်ပြီးနောက် ဆောင်ရွက်ရမည့် အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် မဲရုံတွင် အသုံးပြုရမည့် ပစ္စည်းများ၊ မဲပေးသည့်နေ့မတိုင်မီနှင့် မဲပေးပြီးနောက်ပိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးပို့ချခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မဲရုံသုံးပစ္စည်းများ ကြိုတင်ထုတ်ပေး

**တနင်္သာရီ အောက်တိုဘာ ၁၉**

အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံသုံးပစ္စည်းများ သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများထံကြိုတင်ရောက်ရှိစေရန် တနင်္သာရီမြို့နယ် ကော်မရှင်အဖွဲ့ခွဲက အောက်တိုဘာ ၁၇ ရက်မှစ၍ ကြိုတင်ထုတ်ပေးရာ ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ ကိုယ်တိုင်လာရောက်ထုတ်ယူလျက်ရှိကြောင်း သိရသည်။

တနင်္သာရီမြို့တွင် ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၁၉ စုရှိရာ ကျေးရွာအုပ်စုအများစုမှာ ရေကြောင်းခရီးကိုသာ အဓိကထားသွားလာ အသုံးပြုရသဖြင့် သွားလာရေးအနေအထား၊ သဘာဝဘေးအန္တရာယ်များကို တွက်ဆ၍ မဲရုံသုံးပစ္စည်းများကို ကြိုတင်ထုတ်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



**အောက်တိုဘာလ ဒုတိယပတ်က မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့နယ် အမှတ်(၄)ရပ်ကွက်သို့ မောင်တော လဝကခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် ဦးဆောင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ရေးကွင်းဆင်းဆောင်ရွက်ခဲ့ရာ အမှတ်(၁) နယ်ခြားစောင့်ကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးမျိုးဆွေက တိုင်းရင်းသားပြည်သူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။** (မြို့နယ် ပြန်/ဆက်)

# ဘဏ်ဝန်ဆောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၁၉**

Myanmar Millennium Group Co.,Ltd. နှင့် Atos (French Company) တို့ ပူးပေါင်း၍ Banking as a Service အကောင်အထည်ဖော်ရန်အတွက် နားလည်မှုစာချွန် လွှာ လက်မှတ်ရေးထိုးပွဲကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် Myanmar Millennium Group Co.,Ltd, Chairman ဦးမင်းဇေယျာလှိုင်နှင့် Atos Company, Managing Director (Malaysia and Indonesia) Mr. Johan Magnus Alvarsson တို့က Myanmar Millennium Group Co.,Ltd. နှင့် Atos (French Company)တို့ကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြိုတင်ဆန္ဒမဲလက်မှတ် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

နေပြည်တော် အောက်တိုဘာ ၁၉

မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုရာတွင် ဘောလ်ပင်ဖြင့် အမှန်ခြစ် (✔) ခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာများနှင့် ပယ်မဲနမူနာများအား အောက်တိုဘာ ၁၈ ရက်က ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြိုတင်ဆန္ဒမဲလက်မှတ် ခိုင်လုံမဲနမူနာများ

သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



သစ်သီးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်



စာမျက်နှာ ၁၇ သို့

# ရေစကြိုမြို့နယ်မှ ကြက်သွန်နီစိုက်တောင်သူများ စားဥပေါ်ချိန်ဈေးကောင်းရရန် မျှော်လင့်လျက်ရှိ

**ရေစကြို အောက်တိုဘာ ၁၉**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ မိုးရွာသွန်းခဲ့သဖြင့် ကြက်သွန်နီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ရေစကြိုမြို့နယ်မှ ကြက်သွန်နီစိုက်တောင်သူများသည် ကြက်သွန်နီမျိုးဥများအား စိုက်ပျိုးကြရာတွင် ဇီးကုန်းကျေးရွာကြက်သွန်မျိုး၊ ငါးရတောကျေးရွာ၊ လောင်းရှည်ကျေးရွာကြက်သွန်မျိုး စသည်တို့ကို စိုက်ပျိုးကြလေ့ရှိသည်။ ယခင်နှစ်က ကြက်သွန်နီအရှုံးပေါ်ခဲ့သဖြင့် ကြက်သွန်နီစိုက်ပျိုးသူ ယခင်နှစ်များထက် လျော့နည်းလျက်ရှိသည်။

"ဒီနှစ်ကြက်သွန်မျိုးဥ ဈေးကြီးပေးဝယ်ပြီးစိုက်ပျိုးရတယ်။ မနှစ်က ကြက်သွန်မျိုးဥ တစ်ပိဿာ ငွေကျပ် ၃၀၀ နဲ့ ၅၀၀ကြား ပေးဝယ်ရပါတယ်။ မနှစ်က ကြက်သွန်နီမျိုးဥစိုက်ချိန်မှာ အရင်နှစ်ကလက်ကျန် စားဥဈေးနှုန်းက တစ်ပိဿာ ငွေကျပ် ၆၀၀ခန့်ရှိပါတယ်။ ကျွန်တော်တို့စိုက်ပျိုးတဲ့ ကြက်သွန်နီမျိုးဥတွေ စားဥအဆင့်ရောက်တဲ့အချိန်ကျတော့ တစ်ပိဿာ ငွေကျပ် ၂၀၀နှုန်းပဲရခဲ့တဲ့အတွက် မနှစ်က ကြက်သွန်နီ အရှုံးပေါ်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ အခုမျိုးဥစိုက်တဲ့အချိန်မှာ မနှစ်က လက်ကျန်စားဥဈေးနှုန်းက တစ်ပိဿာငွေကျပ် ၂၀၀၀၊ ၂၂၀၀ ခန့်ထိ ဈေးမြင့်တက်လျက်ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အခုစိုက်ပျိုးထားတဲ့ မျိုးဥတွေကနေ စားဥအဆင့်ရောက်တဲ့အချိန်ကျရင်လည်း အခုလိုပဲ တက်ဈေးနဲ့ ကြုံရမယ်လို့မျှော်လင့်ပါတယ်"ဟု ကြက်သွန်နီစိုက် တောင်သူဦးဆွေလှိုင်ဦးကပြောသည်။

ယခုအချိန်တွင် ကြက်သွန်နီစိုက်တောင်သူများသည် စိုက်ခင်းများအတွင်း ကြက်သွန်နီမျိုးဥများကို စိုက်ပျိုးထားကြရာ မြေပြင်စိုက်ခင်း၌စိုက်ပျိုးပြီး ၁၅ရက်သားခန့်ရှိပြီဖြစ်သည်။ ယခုနှစ်တွင် ကြက်သွန်နီမျိုးဥများကိုစိုက်ပျိုးပြီး အပင်မပေါက်သေးဘဲ ရှိနေချိန်၌ မိုးရွာသွန်းခဲ့ရာ မြေနိမ့်ပိုင်းစိုက်ခင်းနေရာများ၌ ရေဝပ်ခဲ့သောကြောင့် အပင်များမသေစေရန် ရေများကို ရေစုပ်စက်လေးများဖြင့် စုပ်ထုတ်ပေးခဲ့ရသော်လည်း ယခုအချိန်တွင် ကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက် ရှိသည်။

ရေစကြိုမြို့နယ်မှ ကြက်သွန်နီစိုက်ခင်းများတွင် အထွက်နှုန်းကောင်းလျှင် တစ်ဧကလျှင် ပိဿာချိန် ၃၅၀၀ မှ ၄၀၀၀ခန့်ထိ ထွက်နိုင်ပြီး အထွက်နှုန်းမကောင်းလျှင် ပိဿာချိန် ၂၈၀၀ခန့် ထွက်လေ့ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



စာမျက်နှာ ၁၆ မှ

# ကြိုတင်ဆန္ဒမဲလက်မှတ် ပယ်မဲနမူနာများ



ဆန္ဒပြုရမည့် အကွက်၏ပြင်ပတွင် ဆန္ဒပြုထားသော မဲလက်မှတ်



တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲလက်မှတ်



လုံးဝဆန္ဒပြုမထားသောမဲလက်မှတ်



အစွန်းအထင်းပါသောမဲလက်မှတ်



အမှတ်အသားပြုထားသောမဲလက်မှတ်



တာဝန်ခံ၏လက်မှတ် မပါသောမဲလက်မှတ်



ကြက်ခြေခတ်၍ ဆန္ဒပြုထားသောမဲလက်မှတ်



မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



မည်သူ့အား ဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်



ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ ဆန္ဒပြုထားသော မဲလက်မှတ်


တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါသော မဲလက်မှတ် (မဲလက်မှတ်၏ကျောဘက်တွင် လက်မှတ်ထိုး၍ တံဆိပ်ထုရခြင်း ဖြစ်သည်။)

## မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်

# ကမ္ဘာ့လက်ဆေးနေ့ အခမ်းအနား ဟားခါး၌ကျင်းပ

**ဟားခါး အောက်တိုဘာ ၁၉**

၂၀၁၅ ခုနှစ် ကမ္ဘာ့လက်ဆေးနေ့အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ဟားခါးမြို့အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်က အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာဒေါ်နှင်းပပခိုင်က ကမ္ဘာ့လက်ဆေးနေ့ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ချင်းပြည်နယ် Unicef တာဝန်ခံ မစ္စတာမိုဟာမက်ဘက်ဒရူး ဟတ်ဆန်က ကမ္ဘာ့လက်ဆေးနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပြီး Save the children အဖွဲ့က လက်ဆေးနည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသသည်။

ထို့နောက် ဟားခါးမြို့ပေါ်ရှိ မူလတန်းကြိုကျောင်းများမှ ကလေးငယ်များအား အစာအုပ်စု (၃) အုပ်စု ရွေးချယ်ခြင်းကို ယှဉ်ပြိုင်ကစားခဲ့ပြီး မိခင်များက လက်ဆေးခြင်းအဆင့်ဆင့်ကို သရုပ်ပြတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# ထာဝရငြိမ်းချမ်းရေး၏ ခြေလှမ်းများကို လှိုင်းဘွဲ့၊ မြိုင်ကြီးငူ ဒေသခံများကြိုဆို



**လှိုင်းဘွဲ့ အောက်တိုဘာ ၁၉**

စစ်မှန်သော၊ ထာဝရငြိမ်းချမ်းရေးကိုလိုလားသော ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသနေပြည်သူများနှင့်ဖာပွန်နယ်မြေမှ တိမ်းရှောင်ရောက်ရှိနေကြသောပြည်သူများ အင်အားစုစုပေါင်း ၈၀၀၀ ခန့်သည် စစ်မှန်သော ထာဝရ ငြိမ်းချမ်းရေးကို ထောက်ခံကြိုဆိုကြောင်း လူထုအင်အားပြထောက်ခံပွဲကြီးကိုအောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းက မြိုင်ကြီးငူအထူးဒေသ ဇိနမာန်အောင် ရေပြန်ကျွန်းဘုရားရင်ပြင်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံရှိတိုင်းရင်းသား ဒေသအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံတော်အစိုးရတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် ငြိမ်းချမ်းရေး(NCA)စာချုပ်ကို အောက်တိုဘာ ၁၅ရက်တွင် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြင့် တိုင်းရင်းသားဒေသများတွင် ဒေသတွင်း တည်ငြိမ်အေးချမ်းပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမျိုးစုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဒေသခံများက ပြောကြားကြသည်။

အဆိုပါစစ်မှန်သော ထာဝရငြိမ်းချမ်းရေးထောက်ခံကြိုဆိုပွဲအား မြိုင်ကြီးငူအထူးဒေသ ပတ်ဝန်းကျင်သံလွင်အရှေ့ဘက်ခြမ်းကျေးရွာများနှင့် အနောက်ဘက်ခြမ်းရှိကျေးရွာစုစုပေါင်း ၁၅ ရွာခန့်မှ ပြည်သူများနှင့် ဖာပွန်နယ်ဘက် တိမ်းရှောင်ရောက်ရှိလာသော တိမ်းရှောင်မိသားစုဝင် ၃၀၀ ခန့်ပါဝင်ခဲ့သည်။ "ကျွန်တော်ကတော့ဒီနေ့မှာလက်မှတ်ရေးထိုးတည်ဆောက်ပြီးစီးခဲ့တဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ကျွန်တော့်အနေနဲ့ထာဝရတည်မြဲခိုင်မာစေချင်တယ်"ဟုကွန်တာကျေးရွာမှ ဦးဝင်းကြည်က ပြောသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# အသက် ၁၀၀ ကျော်ဘိုးဘွားများ ထောက်ပံ့ငွေကြောင့် ဝမ်းမြောက်

**မိတ္ထီလာ အောက်တိုဘာ ၁၉**

မိတ္ထီလာတွင် နိုင်ငံတော်သမ္မတက အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများအား ချီးမြှင့်ထောက်ပံ့သည့် ထောက်ပံ့ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ၎င်းတို့နေထိုင်ရာ ရပ်ကွက်/ကျေးရွာများသို့ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၇ ရက်က သွားရောက်ပေးအပ်ခဲ့ကြောင်းသိရသည်။



"နန်းတော်ကုန်းရပ်ကွက်က ဒေါ်ဗိုင်ရင် ၁၀၄ နှစ်၊ ရန်မျိုးအောင်ရပ်ကွက်က ဒေါ်ပု ၁၀၂ နှစ်၊ သိရီမင်္ဂလာရပ်ကွက်က ဒေါ်ခါတွန် ၁၀၃ နှစ်၊ ညောင်ကိုင်းကျေးရွာက ဒေါ်မြရှင် ၁၀၁ နှစ်၊ ပန်းသွင်းကျေးရွာက ဒေါ်သိန်းမြ ၁၀၅ နှစ်၊ ကုန်းသာ ကျေးရွာက ဒေါ်ငြိမ်းလှ ၁၀၀ နှစ်နဲ့ အခြားရပ်ကွက်/ကျေးရွာက အသက် ၁၀၀နှစ်နဲ့ အထက်ဘိုးဘွား စုစုပေါင်း ၁၁ ဦးကို နိုင်ငံတော်သမ္မတထံက ချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနဲ့ ဂုဏ်ပြုမှတ်တမ်းလွှာ၊ တိုင်းဒေသကြီး ဝန်ကြီးဦးကျော်ဆန်းက တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနဲ့ အခြားလိုက်ပါ လာသူများက မျက်နှာသုတ်ပဝါ၊ ဘရင်းကြွက်ပေါင်းရည်၊ ဆပ်ပြာစတဲ့ ကန်တော့ပစ္စည်းတွေနဲ့ ပေးအပ်ကန်တော့ခဲ့ကြတာပါ"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ပြည်ကြီးတံခွန်မြို့နယ်၌ အထူးရဲများအရည်အသွေးမြှင့်တင်

**မန္တလေး အောက်တိုဘာ ၁၉**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ကြီးတံခွန်မြို့နယ်အတွင်း၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့် ပူးပေါင်း၍လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်အထူးရဲများ ခန့်ထားခြင်းလုပ်ငန်းတာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို အောက်တိုဘာ ၁၆ ရက်ညနေ ၃ နာရီက ပြည်ကြီးတံခွန်မြို့နယ်အဆင့်မြင့် မြို့မရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက အစည်းအဝေး တက်ရောက်ကြသည့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အထူးရဲများကို အမှာစကားပြောကြားသည်။

ထို့နောက်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သန်းဆင့်က ခန့်ထားတာဝန်ပေးအပ်ထားသည့်အထူးရဲများအား ရွေးကောက်ပွဲမကျင်းပမီကာလမှ ကျင်းပပြီးစီးသည့် ကာလအတွင်း လုံခြုံရေးစီမံဆောင်ရွက်သွားရမည့် လုံခြုံရေးစနစ်များ အခြေအနေအစီအမံများ၊ ရဲစည်းမျဉ်း စည်းကမ်းဥပဒေများ၊ ဘေးအန္တရာယ်ကျရောက်လျှင်မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အတူအထူးတာဝန်ထမ်းဆောင်ရန်၊ စီမံရွေးချယ်သည့်စနစ်၊ ရပိုင်ခွင့်၊ လိုက်နာရမည့်စည်းကမ်း၊ ထမ်းဆောင်ရမည့် တာဝန်များနှင့် အထူးရဲများအား မဲရုံမှူးများ၊ တာဝန်ရှိသူတို့က ပူးပေါင်းကူညီပေးရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

အဆိုပါပြည်ကြီးတံခွန်မြို့နယ်၌ မဲရုံ ၆၂ ရုံရှိရာ မဲရုံတစ်ရုံလျှင် အထူးရဲတစ်ဦးစီဖြင့် တာဝန်ခွဲချထားပေးမည်ဖြစ်ရာ အောက်တိုဘာ ၁၅ ရက်မှ အောက်တိုဘာ ၃၀ ရက်ထိ သင်တန်းနည်းပြများကအထူးရဲများကိုလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ရေကြောင်း ပညာတက္ကသိုလ်တွင် သင်ကြားရေးဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၉**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်း တက္ကသိုလ်တွင် ကျောင်းသားများအား သင်ကြားရေးဆိုင်ရာ အထောက်အကူပြု Maritime Simulation Room နှင့် PSC&RB သင်တန်းဖွင့်ပွဲ အခမ်းအနားများကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် (သန်လျင်)၌ ကျင်းပသည်။

ဖွင့်လှစ်ခဲ့သည့် Maritime Simulation Room နှင့် PSC&RB တွင် ရေကြောင်းဘက်ဆိုင်ရာ သင်တန်းများဖြစ်သည့် ECDIS,Rador/ARPA နှင့် GMDSS တို့ကို k-Sim Bridge Simulator အားအသုံးပြု၍ လက်တွေ့လေ့လာသင်ကြားပေးနိုင်မည်ဖြစ်သည်။ k-Sim Bridge Simulator အား နော်ဝေနိုင်ငံအခြေစိုက် Kongsberg Company မှ International Maritime Or ganization (IMO)၏ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အတွက် Sea Lion Co.,Ltd(Myanmar)မှ တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

အလားတူ Proficiency in Survival Craft and Rescue Boats (PSC&RB) သင်တန်းအား မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ရေကူးကန်တွင် တပ်ဆင်ထားရှိပြီး သင်ရိုးညွှန်းတမ်းများအနေဖြင့် STCW Code,Section A-V1/2 နှင့်အညီ ရေးဆွဲထားခြင်းဖြစ်ပြီး ရေကြောင်းသိပ္ပံ၊ ရေကြောင်း အင်ဂျင်နီယာ၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ် ကျောင်းသားများအား အသက်ကယ်လှေအား အသုံးပြု၍ မောင်းနှင်ခြင်း၊ လှေပေါ်ရှိ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပစ္စည်းများအား အသုံးပြု၍ တည်နေရာညွှန်ပြခြင်း၊ အရေးပေါ်ဆက်သွယ်ခြင်း၊ ရှေးဦးပြုစုခြင်း အစရှိသည့် သင်ခန်းစာများအား လက်တွေ့လေ့ကျင့်နိုင်မည်ဖြစ်သည်။

အဆိုပါ သင်တန်းအား မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် Brilliance Maritime Training Center (BMTC)တို့ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပင်လယ်ကူး သင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့် သင်္ဘောများအတွက် အထောက်အကူဖြစ်စေရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရေကြောင်း တက္ကသိုလ်အနေဖြင့် ယနေ့အချိန်အထိ သင်္ဘောကုမ္ပဏီ ၃၀၊ ပြည်ပကုမ္ပဏီသုံးခုတို့နှင့် ရေကြောင်းဘက်ဆိုင်ရာနှင့် ပြည်ပနိုင်ငံများတွင် အလုပ်အကိုင်များရရှိရေး ဆက်သွယ်ဆောင်ရွက်ပေးခဲ့သည့်အပြင် ပြည်တွင်း၌လည်း ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများနှင့် ဆိပ်ကမ်းလုပ်ငန်းများတွင်လည်း အလုပ်အကိုင်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဲခူးရိုးမထွက် ပျားရည်များအား ဆေးဖက်ဝင်အဖြစ် ဝယ်ယူသုံးစွဲသူများပြားလာ

**ရေတာရှည် အောက်တိုဘာ ၁၉**

ပဲခူးရိုးမတောအတွင်းမှရရှိသည့် ပျားရည်များကို ကလေးသူငယ်များချောင်းဆိုးရင်ကျပ်နှင့် အားအင်ကုန်ခန်းသည့် သက်ကြီးရွယ်အိုများအတွက် ဆေးဖက်ဝင်၍ ဝယ်ယူသုံးစွဲသူများပြားလျက်ရှိကြောင်း သိရသည်။ ရိုးမတောအတွင်း၌ရှိသည့် ပျားကြီး၊ရင်ပျားနှင့် မျက်မွေးလိမ်ပျားအုံများအား မိုးရာသီကာလလွန် ပွင့်လင်းရာသီတွင် စတင်ကာဖွပ်ကြကြောင်း ပဲခူးရိုးမတောတွင်းနေ ဒေသခံတစ်ဦးက ပြောသည်။"ပျားဖွပ်တဲ့ရာသီရောက်ပြီလေ၊ မိုးတုန်းကတော့ ဖွပ်လို့မရဘူး၊ ဒါတောင် ရင်ပျားနဲ့မျက်မွေးလိမ် လောက်ပဲ ဖွပ်ရဲတာ၊ ပျားကြီးကျတော့ အနည်းဆုံးလူသုံးယောက်ကုန်တယ်၊ နှစ်ယောက်က အပင်ပေါ်တက်တစ်ယောက်ကမီးမြှုက်၊ တစ်ယောက်က ပျားလပို့လှီး၊ အောက်ခံတစ်ယောက်က ပျားလပို့ခံလုပ်ရတာ၊ ပျားကြီးတုပ်ခံရရင် မသက်သာဘူး၊ တစ်ခါတလေ နှစ်ရက်လောက်ကိုဖျားတာ"ဟု ၎င်းကပင် ဆက်လက်ပြောပြသည်။ အုတ်တွင်းမြို့နယ် ကျွဲပွဲဒေသအနောက်ရိုးမတောတွင်းဖြစ်သည့် ဆယ်ပေတဲစုနေသူအများစုမှာ တောတွင်းပျားဖွပ်ခြင်းအလုပ်ကို အဓိကလုပ်ကိုင်ကာ ရရှိသောပျားရည်များအား လေးဆယ်သားဝင်ပုလင်း တစ်လုံးလျှင် ငွေကျပ် ၂၀၀၀/၂၅၀၀ ဖြင့် လှည့်လည်ရောင်းချရသည်။အချို့သော ပျားကြီးအုံများမှာ လှည်းဘီးအရွယ် အစားအထိ ကြီးမားပြီး အဆိုပါ ပျားကြီးအုံကိုဖွပ်သည့်အခါ လေးထောင့်သံပုံး လေးပုံးနှင့်အထက်ရရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သထုံခရိုင်ရုံးဆောက်လုပ်နေမှုစစ်ဆေး

**သထုံ အောက်တိုဘာ ၁၉**

မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးကြည်နှင့် ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးဝင်းနိုင်တို့သည် သထုံခရိုင် ရုံးဆောက်လုပ်နေမှုအခြေအနေကို အောက်တိုဘာလ ဒုတိယပတ်က ကွင်းဆင်းစစ်ဆေးရာ သထုံခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းက ရုံးအဆောက်အအုံ အမိုးမိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် အတွင်းဆေးသုတ်ခြင်း၊ အပြင်ဆေးသုတ်ခြင်းတို့ကို ရုံးချုပ်မှ သတ်မှတ်ထားသည့် ဆေးအရောင်များကိုသာ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(မြန်မာ့အလင်း)**

# လူကုန်ကူးမှု ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၉**

လူကုန်ကူးမှုပြဿနာသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းပျံ့နှံ့ဖြစ်ပွားလျက်ရှိသည့် ဆိုးရွားသော မှုခင်းဖြစ်စဉ်တစ်ရပ်အသွင်ရှိနေ၍ မြန်မာလူမျိုးတို့အနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိခိုက်ပျက်ပြားစေသောကြောင့် အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ်ရန် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဝန်ထမ်းများသည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက အများပြည်သူများ လွယ်လင့်တကူသိရှိနိုင်ရန် လူစည်ကားရာနေရာဖြစ်သော ပန်းဆိုးတန်း-ဒလ သင်္ဘောဆိပ်ကမ်းသို့သွားရောက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လူကုန်ကူးခံရသူများတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ အများဆုံးဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်စဉ်များ၊ လူကုန်ကူးမှုဖြစ်ပွားသည့်အကြောင်းရင်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေး ဟောပြောခြင်းလုပ်ငန်းများကို သွားရောက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မန်ယူ၊ မန်စီးတီးတို့ ခြေကုန်ထုတ်ရမယ့် ချန်ပီယံလိဂ်ပွဲစဉ်(၃)

မိုးမြင့်လင်းလက်



***ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ရဲ့ တတိယမြောက်ပွဲစဉ်ကို အောက်တိုဘာ ၂၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ရီးရဲမက်ဒရစ်၊ မန်ယူ၊ မန်စီးတီးနဲ့ ဂျူဗင်တပ်စ်တို့ရဲ့ စွမ်းဆောင်မှုကို အားပေးခွင့်ရဦးမှာဖြစ်ပြီး ရလဒ်ကောင်းတွေ ကိုယ်စီပိုင်ဆိုင်နိုင်ကြမလားဆိုတာလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒီပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲဖော်ဆောင်ရမယ့် အသင်းကြီးတွေအဖို့ တိုက်ပွဲဝင်စိတ်ဓာတ်အပြည့်နဲ့ ကစားသမားအစုံအလင်ထုတ်ကာ ယှဉ်ပြိုင်တော့မှာဖြစ်ပါတယ်။***

**စီအက်စ်ကေအေနှင့် မန်ယူ**

အုပ်စု(B)မှာ မန်ယူတို့ နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ သုံးမှတ်ရပြီး အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ စီအက်စ်ကေအေတို့ကလည်း နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ သုံးမှတ်ရရှိနေပါတယ်။ ရုရှားကလပ် စီအက်စ်ကေအေတို့က တိုက်စစ်ထက်မြက်ပြီး အိမ်ကွင်းမှာ ကစားအားကောင်းတဲ့ အသင်းဖြစ်တာမို့ မန်ယူတို့ သတိထားရပါလိမ့်မယ်။ မန်ယူတို့ကတော့ ခြေစွမ်းအတက်အကျရှိနေပြီး ရလဒ်တွေကလည်း ကမောက်ကမဖြစ်နေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးနှစ်ပွဲတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် တစ်ပွဲသရေဖြစ်ပြီး မန်ယူက တစ်ဂိုး-ဂိုးမရှိနဲ့ တစ်ပွဲနိုင်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရ မန်ယူတို့ ရှုံးကန်ရဖို့ရှိနေပြီး သရေတစ်မှတ်ရရင်ပဲ ကျေနပ်ရမှာပါ။

**ဝုဖ်ဘတ်နှင့် အိုင်ဟိုဗင်**

အုပ်စု(B)မှာ အိုင်ဟိုဗင်တို့ နှစ်ပွဲကစားပြီး သုံးမှတ်ရနေတာမို့ ဂိုးကွာခြားချက်အရ အုပ်စုထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ ဝုဖ်ဘတ်တို့ကလည်း နှစ်ပွဲကစားပြီး သုံးမှတ်ရထားတာမို့ ဒီပွဲက အကြိတ်အနယ်ရှိလာမှာပါ။ ဝုဖ်ဘတ်ဟာ အိမ်ကွင်းမှာ ခြေစွမ်းကောင်းပြသနိုင်ပြီး အိုင်ဟိုဗင်တို့ကတော့ အဝေးကွင်းမှာ ရလဒ်မကောင်းတတ်ပါဘူး။ ဂိုးမပြတ်နိုင်ပေမယ့် အိမ်ရှင်တို့ကပ်ပြီး နိုင်ပွဲရသွားနိုင်ပါတယ်။

**ပီအက်စ်ဂျီနှင့် ရီးရဲမက်ဒရစ်**

အုပ်စု(A)မှာ ရီးရဲမက်ဒရစ်တို့က နှစ်ပွဲကစား၊ ခြောက်မှတ်နဲ့ အုပ်စုကိုဦးဆောင်နေပါတယ်။ ပီအက်စ်ဂျီတို့ကလည်း ခြောက်မှတ်ရထားပါတယ်။ ဒီပွဲမှာ ဘယ်အသင်းအုပ်စုဗိုလ်ဖြစ်မလဲ ကြည့်ရမှာပါ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးနှစ်ပွဲတွေ့ဆုံမှုကိုကြည့်ရင် ရီးရဲမက်ဒရစ်တို့ကချည်း နှစ်ပွဲစလုံးနိုင်ပွဲရထားပါတယ်။ ဒါပေမယ့် အခုပွဲက ပီအက်စ်ဂျီအိမ်ကွင်းဖြစ်တာမို့ ရီးရဲမက်ဒရစ်တို့ အလေးထားကစားမှရပါလိမ့်မယ်။ ရီးရဲမက်ဒရစ်တို့နိုင်ရင်တောင် ဂိုးမပြတ်ပါဘူး။

**မယ်လ်မိုနှင့် ရှက်တာဒိုးနက်**

နှစ်သင်းစလုံး အုပ်စု(A)မှာ ရှုံးပွဲတွေကြုံပြီး အမှတ်မရသေးပါဘူး။ မယ်လ်မိုတို့က အိမ်ကွင်းအားသာချက်ရှိနေပေမယ့် အဝေးကွင်းမှာ ခြေပေါ်အောင်ကစားတတ်တဲ့ ရှက်တာဒိုးနက်ကို လျှော့တွက်လို့တော့မရပါဘူး။ မယ်လ်မိုရဲ့ အိမ်ကွင်းခြေစွမ်းမာကျောမှုက ရလဒ်ကိုကောင်းမွန်စေပါလိမ့်မယ်။

**ဂျူဗင်တပ်စ်နှင့် ဂလာဘတ်**

အုပ်စု(C)မှာ ဂျူဗင်တပ်စ်တို့က နှစ်ပွဲကစား၊ ခြောက်မှတ်ရထားပြီး ဂလာဘတ်တို့က အမှတ်မရသေးပါဘူး။ ဂျူဗင်တပ်စ်တို့ အိမ်ကွင်းဖြစ်တဲ့အပြင် အခုတလောနိုင်ပွဲတွေ ဆက်နေတာမို့ ဂလာဘတ်တို့အတွက် ပွဲကျပ်ပါပဲ။ ဒါပေမယ့် ခြေစွမ်းပုံမှန်ပြန်ကောင်းလာတဲ့ ဂလာဘတ်တို့ကလည်း အနိမ့်ဆုံးသရေရအောင် ကြိုးစားပေမယ့် အိမ်ရှင်ကို ကျော်ဖြတ်ဖို့ ခက်ခဲပါလိမ့်မယ်။

**မန်စီးတီးနှင့် ဆီဗီလာ**

အုပ်စု(D)မှာ မန်စီးတီးက ခြောက်မှတ်ရထားသလို ဆီဗီလာတို့က သုံးမှတ်ရထားပါတယ်။ မန်စီးတီးတို့က နိုင်ပွဲတွေပြန်ရနေပြီး ခြေစွမ်းကောင်းပြသနိုင်နေပါတယ်။ ဆီဗီလာတို့က အိမ်ကွင်းမှာ သွားကစားရမှာဆိုတော့ ရလဒ်ကောင်းထွက်ဖို့ မလွယ်ပါဘူး။

❒

# ရီးရဲမက်ဒရစ်သမိုင်းမှာ ဂိုးအများဆုံးသွင်းတဲ့ စီရော်နယ်ဒို

ရီးရဲမက်ဒရစ်ဘောလုံးသမိုင်းမှာ ဂိုးအများဆုံးသွင်းယူခဲ့တဲ့ တိုက်စစ်မှူးကတော့ စီရော်နယ်ဒိုဖြစ်သွားခဲ့ပါပြီ။ ရီးရဲမက်ဒရစ်နဲ့ လီဗန်တေးတို့ ကစားတဲ့ပွဲမှာ ရီးရဲမက်ဒရစ်က သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ ဒီပွဲမှာ တိုက်စစ်မှူးစီရော်နယ်ဒိုက တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ဒီနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့အတွက် စီရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်ဘောလုံးသမားတွေထဲမှာ ဂိုးအများဆုံးသွင်းယူနိုင်သူဖြစ်သွားခဲ့ပါပြီ။ စီရော်နယ်ဒိုမတိုင်မီက ရာအူးလ်ဟာ ပွဲပေါင်း ၇၄၁ ပွဲမှာ ၃၂၃ ဂိုးနဲ့အများဆုံး စံချိန်တင်သွင်းယူခဲ့တာပါ။ ရာအူးလ်ဟာ ရီးရဲမက်ဒရစ် ဥရောပချန်ပီယံလိဂ်ဖလား ၁၀ ကြိမ်ဆွတ်ခူးရာမှာ အဓိကဂိုးသွင်းပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ စီရော်နယ်ဒိုက ပွဲပေါင်း ၃၁၀ မှာ ၃၂၄ ဂိုးမြောက်အဖြစ် သွင်းယူပေးနိုင်တဲ့ တိုက်စစ်မှူးဖြစ်သွားခဲ့ပါပြီ။ စီရော်နယ်ဒိုဟာ ပြီးခဲ့တဲ့ ရာသီက ဥရောပဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့အတွက် မကြာသေးမီက လေးကြိမ်မြောက်အဖြစ် ရွှေဖိနပ်ဆုဆွတ်ခူးခဲ့သူလည်း ဖြစ်ပါတယ်။



ကောင်းမြတ်သူ ➢ ➢ စုစည်းသည်။




မန်စီးတီးက လီဗာပူးအသင်းမှ ရာသီအစမှာ ခေါ်ယူခဲ့တဲ့ လူငယ်တိုက်စစ်မှူး စတာလင်းဟာ ယခုသီတင်းပတ်အတွင်း မန်စီးတီးက ဘုန်းမောက်ကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ခြေစွမ်းပြကစားရတာတွေ့ရပါတယ်။ အဂူရိုနဲ့ ဒေးဗစ်ဆေးလ်ဗားတို့ ဒဏ်ရာရသွားချိန်မှာ စတာလင်းက ခြေစွမ်းပြကစားလာတာတွေ့ရပါတယ်။ သူဟာ မန်စီးတီးအတွက် ပထမဆုံးသော ဟက်ထရစ်ဂိုးကို ဒီပွဲမှ စတင်သွင်းယူပေးခဲ့ပါတယ်။ ဒီလ်ဖရက်ဘိုနီနဲ့ အတွဲညီအောင်ကစားပြီး ဂိုးတွေကို သွင်းယူခဲ့တာပါ။ ဒီပွဲမှာ သူတို့နှစ်ယောက်ဟာ အတွဲညီတဲ့ တိုက်စစ်အဖြစ် တွေ့ခဲ့ရပါတယ်။ ဒီပွဲမှာ ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့အတွက် ပြီးခဲ့တဲ့ နွေရာသီက ပေါင် ၄၉ သန်းနဲ့ ခေါ်ယူခဲ့မှုအပေါ် ဝေဖန်မှုများ ရင်ဆိုင်နေရမှုကို အဆုံးသတ်နိုင်ခဲ့ပါတယ်။

သူက တိုးတက်လာနေတာလည်း တွေ့ရတယ်။ သူဟာ လီဗာပူးမှာကစားတဲ့ အချိန်ကထက် ဂိုးတွေသွင်းယူပေးပါလိမ့်မယ်လို့ နည်းပြပယ်လီဂရီနီက ပြောပါတယ်။ အဂူရိုလို စတာလင်းဟာလည်း အဓိက အားထားရတဲ့ တိုက်စစ်မှူးဖြစ်လာပြီလို့လည်း မန်စီးတီးနည်းပြက ဆိုပါတယ်။

# ပရီမီယာလိဂ်မှာ ဂိုးအများဆုံးသွင်းဖို့ရှိနေတဲ့ ရွန်းနေ

မန်ယူတိုက်စစ်မှူး ရွန်းနေဟာ ပရီမီယာလိဂ်သမိုင်းမှာ ဂိုးအများဆုံးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးဖြစ်လာဖို့ ရှိနေပါတယ်။မန်ယူက အဲဗာတန်ကွင်းမှာ သုံးဂိုးပြတ်နဲ့နိုင်တဲ့ပွဲမှာ ရွန်းနေဟာ အဝေးဂိုးမသွင်းနိုင်ခဲ့တာ ကြာပြီဖြစ်တဲ့အတွက် ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီပွဲမှာ အဝေးဂိုးသွင်းယူခဲ့တဲ့အတွက် ဝေဖန်မှုတွေလည်း အဆုံးသတ်ခဲ့ရပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ရွန်းနေဟာ ပရီမီယာလိဂ်ဒုတိယဂိုးအများဆုံးသွင်းယူတဲ့ အင်ဒီကိုးလ်နဲ့အပြိုင် ၁၈၇ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဂိုးပေါင်း ၂၆၀အထိ သွင်းယူနိုင်ခဲ့တဲ့ အလန်ရှီးယားရဲ့နောက်မှ ဒုတိယဂိုးအများဆုံး သွင်းယူနိုင်သူတွေဖြစ်လာခဲ့ပါတယ်။ ရွန်းနေကတော့ လက်ရှိအချိန်မှာ မန်ယူမှာ ကစားနေတဲ့အတွက် အလန်ရှီးယားရဲ့ စံချိန်ကို အမီလိုက်လာပြီး ပရီမီယာလိဂ်သမိုင်းမှာ စံချိန်တင် ဂိုးသွင်းတဲ့ တိုက်စစ်မှူးဖြစ်လာဖို့ ရှိနေပါတယ်။

# ရန်ကုန် သင်္ဘော

မောင်သာ(ရှေးဟောင်းသုတေသန)

**ယနေ့ခေတ် လူငယ်များအနက် ရန်ကုန်သင်္ဘောဆိုသည်ကို သိရှိသူ အလွန်နည်းပါးပေလိမ့်မည်။**

**မြစ်ချောင်းများပေါများလှသည့် မြစ်ဝကျွန်းပေါ်ဒေသ၌ ယခုအခါတွင် မြို့များအားလုံးသို့ မော်တော်ကားများဖြင့် အချိန်သက်သာစွာ သွားလာနိုင်ပြီဖြစ်သော်လည်း ကျွန်တော် တို့ငယ်စဉ်က ကားလမ်းများမရှိစဉ်အချိန် ရေလမ်းခရီးကိုသာ အားထားခဲ့ကြရပြီး တစ်မြို့မှ တစ်မြို့သို့ ရေယာဉ်များဖြင့်သာ သွားလာခဲ့ကြရသည်။ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်လုံး၌ ကားများတဝီဝီ သွားလာနေကြသည့် ယနေ့ခေတ်ကို ကျွန်တော်တို့ အဘိုးအဘွားများ သိခွင့်ကြုံခွင့် မရခဲ့ပါချေ။**

ကျွန်တော် ငယ်စဉ်က မြစ်ချောင်းများ ပေါများလှသည့် မြစ်ဝကျွန်းပေါ်ဒေသမှ ကျိုက်လတ်မြို့လေး၌ နေထိုင်ကြီးပြင်းခဲ့ရသည်။ မြန်မာပြည်မြောက်ဖျားတွင် မြစ်ဖျားခံကာ မေခ၊ မေလိခမှ စတင်စီးဆင်းလာခဲ့သော ဧရာဝတီမြစ်ကြီးသည် ဟင်္သာတမြို့ အောက်ပိုင်းမှစ၍ ညောင်မုတ်ဆိတ်ပင်မှ အမြစ်များ ဖြာထွက်သွားသကဲ့သို့ မြစ်လက်တက်များ အများအပြားခွဲထွက်ကာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်ပေါ်လာသည်။ မြစ်ချောင်းများ ပေါများလှသဖြင့် မြစ်ဝကျွန်းပေါ်ဒေသအတွင်းရှိ နယ်သူ နယ်သားများသည် တစ်နေရာမှ တစ်နေရာ၊ တစ်နယ်မှ တစ်နယ်သို့ သွားလိုပါက ရေလမ်းကိုသာ အဓိက အသုံးပြုသွားလာခဲ့ကြရသည်။ ထိုစဉ်က ကားလမ်းများ မရှိသေးသဖြင့် မြို့တိုင်း၌ သင်္ဘောများပြေးဆွဲပေးခဲ့သည်။ အစိုးရသင်္ဘောများလည်းရှိ၊ ပုဂ္ဂလိက သင်္ဘောများလည်းရှိရာ ရန်ကုန်သို့ သွားသောသင်္ဘောများကို ရန်ကုန်သင်္ဘောဟု ခေါ်ခဲ့ကြသည်။ အချို့မြို့များတွင် ဧရာဝတီသင်္ဘောဟု ခေါ်ကြသည်။

ထိုစဉ်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း(ယခု ပြည်တွင်းရေကြောင်း) တွင် တီအုပ်စုနှင့် အက်စ်အုပ်စုဟူ၍ နှစ်ထပ်သင်္ဘောများရှိခဲ့သည်။ ယင်းတို့ကို ဂျပန်နိုင်ငံက စစ်လျော်ကြေးအဖြစ်ပေးခဲ့သည်ဟု ငယ်စဉ်က ကြားဖူးခဲ့ပါသည်။ တီအုပ်စုဝင်သင်္ဘောများကို တီဖြင့်စသည့် နာမည်များဖြစ်သည့် တိမ်တောက်၊ တက်တိုး၊ တိုးအောင်၊ တော်ဝင်စသည့်အမည်များ မှည့်ခေါ်ပြီး အက်စ်အုပ်စုဝင် သင်္ဘောများကိုလည်း စပါး၊ ဆင်ကံ၊ ဆင်ပြောင် စသည်ဖြင့် အင်္ဂလိပ်အက္ခရာ အက်စ်ဖြင့်စသော အမည်များ ပေးထားသည်။

ကျွန်တော်တို့ မြို့ငယ်လေး၌ ရန်ကုန်သို့ သင်္ဘောဖြင့်သွားရန် နံနက်ပိုင်းတွင် တစ်စင်း၊ ညနေတွင် တစ်စင်း၊ ညဘက်တွင် နှစ်စင်းရှိခဲ့သည်။ နံနက်ပိုင်းတွင် ဖျာပုံမှလာသော ရန်ကုန်သင်္ဘောက ကိုးနာရီတွင် ကျိုက်လတ်ဆိပ်ကမ်းသို့ ဆိုက်ကပ်မြဲဖြစ်သည်။ သင်္ဘောဆိပ်တွင် နာရီဝက်လောက်ကပ်ပြီး ရန်ကုန်သို့ ဆက်လက်ထွက်ခွာလေ့ရှိသည်။

ညနေ ငါးနာရီတွင် စိန်ဝင်းထွန်း၊ စိန်ဝင်းကြိုင် အမည်ရှိ ပုဂ္ဂလိကပိုင်မော်တော်နှစ်စင်းက နေ့စဉ် အလှည့်ကျထွက်သည်။ ညပိုင်းတွင်ဖျာပုံမှလာသောသင်္ဘောက ညကိုးနာရီတွင်လည်းကောင်း၊ မော်လမြိုင်ကျွန်းမှ လာသော သင်္ဘောက ည ၁၀ နာရီ ဝန်းကျင်တွင်လည်းကောင်း ကျိုက်လတ်ဆိပ်ကမ်းသို့ ဆိုက်ရောက်လေ့ရှိသည်။ ရန်ကုန်သို့သွားကြမည့်သူများက ထိုသင်္ဘောများကို တစ်စင်းမဟုတ် တစ်စင်း စီးကြရသည်။ ကျိုက်လတ်မြို့မှ ၄၈ မိုင်မျှသာဝေးသည့် ရန်ကုန်သို့ ရေစုန်၊ ရေဆန်ပေါ်မူတည်လျက် ခြောက်နာရီမှ ရှစ်နာရီကြာ သင်္ဘောစီးကြရသည်။

ထိုစဉ်က ကျွန်တော်တို့ မိသားစုသည် တစ်နှစ် တစ်ကြိမ်ရန်ကုန်သို့သွားလေ့ရှိခဲ့သည်။ သီတင်းကျွတ် ကျောင်းပိတ်ပြီဆိုလျှင် အမေက ရန်ကုန်ရှိ ကျွန်တော်တို့ အဘိုးအဘွားများထံ သွားရောက်လေ့ရှိရာ ကျွန်တော်တို့လည်း နှစ်စဉ်လိုက်သွားကြရသည်။

ရန်ကုန်မသွားမီ တစ်ရက်ကြိုကာ အမေက ရန်ကုန်ရှိ သူ့မိဘများစားရန် ပုစွန်တုတ်များကို ချက်၊ ငါးသလောက်ကို ပေါင်း၊ ပုစွန်ခြောက်ကိုထောင်းပြီးကြော်၊ ကောက်ညှင်းထုပ်များကိုလည်း ကိုယ်တိုင်ထုပ်၊ ငှက်ပျောသီးများကိုမူ သုံး၊ လေးရက်ကြိုကာအခြောက်လှန်းဖြင့် နှစ်စဉ် အလုပ်များမြဲဖြစ်သည်။ ကလေးများသဖြင့် အမေက ရန်ကုန်နေ့သင်္ဘောကိုသာ စီးလေ့ရှိခဲ့သည်။ ကျိုက်လတ်မှ နံနက်ကိုးနာရီထွက်သည့် ရန်ကုန်သင်္ဘောက ရန်ကုန် ဆိပ်ကမ်းသို့ ညနေလေးနာရီဝန်းကျင်တွင်ဆိုက်ကပ်သည်။သင်္ဘောဆိပ်မှ သုံးဘီးယာဉ်တစ်စီးငှားကာ ကြည့်မြင်တိုင်၊ ချင်းချောင်းခြံရပ်ကွက် (ယခု ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်) ရှိ အဘိုးအဘွားများအိမ်ထံ သွားကြသည်။ သုံးဘီးယာဉ်ခ ငါးကျပ်ပေးရသည်ကို မှတ်မိနေပါသည်။

ကျိုက်လတ် သင်္ဘောဆိပ်သည် ရန်ကုန်ဆိပ်ကမ်းကဲ့သို့ ကြီးမားသော ဆိပ်ခံမဟုတ်ပါချေ။ အမိုးမိုးထားသော ကုန်တင် စီဘီတွဲ တစ်ခုကို ကျောက်စူး အသေချထားကာ မြစ်ကမ်းမှ သစ်သားတံတားတစ်ခုဖြင့် ဆက်သွယ်ထားသည့် ဗောတံတားလေးတစ်ခုသာဖြစ်ပေသည်။ ဆိပ်ခံဗောပေါ်၌ သင်္ဘောဝင်ချိန် ထွက်ချိန်များ၌ စျေးသည်များရှိကြသည်။ ကောက်ညှင်းထုပ်များ၊ အကြော်စုံများ၊ မြန်မာမုန့်များကို အဓိက ရောင်းချကြသည်။ သင်္ဘောများ မရှိချိန်တွင် စျေးသည်များသည် သင်္ဘောဆိပ်အနီးရှိ ကျိုက်လတ်စျေးထဲ၌ ရောင်းကြသည်။ အချို့ကလည်း မြို့ထဲသို့ လှည့်ပတ်ရောင်းကြလေ့ရှိကြသည်။

ရန်ကုန်သွားရန် ကျွန်တော်တို့ နံနက် ၈ နာရီခွဲလောက်တွင် သင်္ဘောဆိပ်သို့ ဆင်းကြရသည်။ သင်္ဘောပေါ်၌ ထိုင်လိုက်သွားနိုင်ရန်အတွက် နေရာခင်းပေး



သူတစ်ယောက်ယောက်ကို အမေက ကျွန်တော်တို့ နယ်တွင် ဒလီဟု ခေါ်သည့် ပလတ်စတစ်အခင်းကို သင်္ဘောမဆိုက်မီ ကြိုပေးထားသည်။သင်္ဘောဝင်လာလျှင် ထိုသူက သင်္ဘောပေါ်တက်ကာ ထိုအခင်းကို ခင်းကာနေရာယူပေးသည်။ နေရာခင်းပေးကြသူများ သုံးလေးယောက်ရှိရာ သူတို့ကို နေရာခင်းပေးခ တစ်ကျပ်၊ နှစ်ကျပ်ပေးရသည်။ ထိုစဉ်က ရန်ကုန်နှင့် ကျိုက်လတ် သင်္ဘောခက လူကြီး တစ်ယောက်လျှင် သုံးကျပ်ပေးရပြီး ကလေးက တစ်ဝက်ခဖြစ်သည်။

သင်္ဘောပေါ်၌ နေရာယူပြီးသည်နှင့် ကျွန်တော်တို့ သင်္ဘောပေါ်တက်ကြရသည်။ သင်္ဘောက နှစ်ထပ်ဖြစ်သော်လည်း အောက်ထပ်တွင် ခရီးသည် အနည်းငယ်သာ လိုက်ပါလေ့ရှိကာ ရန်ကုန်ရှိ ဒိုင်များသို့ ပို့ရန် ဆန်အိတ်များ၊ ငါးစည်များကို တင်လေ့ရှိကြသည်။ ဇော်စိမ်းပန်းစည်းကြီးများ၊ ဘဲဥသေတ္တာများကိုလည်း တင်ကြသည်။

ခင်းထားသောဒလီပေါ်၌ ကျွန်တော်တို့ ထိုင်နေကြပြီးသင်္ဘောထွက်ပြီဆိုသည်နှင့် ဆိပ်ကမ်း၌ ကျန်ရစ်ခဲ့သူများကို သိသိ မသိသိ ထိုင်ရာမှထကာ လက်ဝှေ့ရမ်းနှုတ်ဆက်မြဲဖြစ်သည်။ သင်္ဘောဆိပ်က ခုနစ်လမ်းတွင်ရှိပြီး ရန်ကုန်သင်္ဘောက ခုနစ်လမ်းမှ ခြောက်လမ်း၊ ခြောက်လမ်းမှ ငါးလမ်း၊ လေးလမ်း၊ သုံးလမ်း စသည်ဖြင့် ကျော်ဖြတ်သွားရာ ကိုယ့်မြို့လေးကို ကိုယ်ကြည့်မဝသကဲ့သို့ သင်္ဘောပေါ်မှ မျှော်ကြည့်ကြရင်း သင်္ဘောက ကျိုက်လတ်မြစ်ထဲမှ ထွက်သွားပြီး မြို့ကို လုံးဝမမြင်ရတော့မှ နေရာတွင် ပြန်ထိုင်ကြတော့သည်။

ရန်ကုန်သို့ ၄၈ မိုင် ခရီးသာဖြစ်ပြီး လမ်းတွင် ဆိပ်ခံဗောတံတားရှိသော ကျိုက်ထော်ရွာနှင့် တွံတေးမြို့တို့၌ ဆိုက်ကပ်သည်။ ဖျာပုံမှ ကျိုက်လတ်သို့ ၁၆ မိုင်၊ ကျိုက်လတ်မှ ကျိုက်ထော်သို့ ၁၆ မိုင်၊ ကျိုက်ထော်မှ တွံတေးသို့ ၁၆ မိုင်နှင့် တွံတေးမှ ရန်ကုန်သို့ ၁၆ မိုင်ခန့် ကွာဝေးသည်။ ရေမိုင် ရှစ်မိုင် ခရီးကို ပျမ်းမျှ တစ်နာရီခန့် မောင်းရသဖြင့် ကျိုက်ထော်သို့ ၁၁ နာရီဝန်းကျင်တွင် ရောက်သည်။ ကျိုက်ထော်ဆိပ်ကမ်းရောက်သည်နှင့်စျေးသည်များက သင်္ဘောပေါ်တက်လာကာစျေးရောင်းကြသည်။ ဖက်နှင့် ထုပ်ထားသော ထမင်းထုပ်များ၊ သီတံဖြင့် သီထားပြီး ထိပ်၌ ရှောက်သီးစိတ်လေးတစ်စိတ်ကို ထိုးထားသည့် ငါးဖယ်ကြော်များ၊ ပြုတ်ထားသည့် ငါးသလောက်ဥ ဝါဝါများ၊ သီးမွှေးငှက်ပျောသီးများစသည်ဖြင့် စုံလင်လှသည်။ ထမင်းတစ်ထုပ်လျှင် တစ်ကျပ်ခွဲ၊ ငှက်ပျောသီးတစ်ဖီးလျှင်တစ်ကျပ် ပေးရသည်။ ယခုခေတ်လူငယ်များ တစ်ကျပ်၊ တစ်ကျပ်ခွဲဆိုသည်ကို သိကြတော့မည် မဟုတ်ပါချေ။

ကျိုက်ထော်ရောက်တိုင်း အမေက ကျွန်တော်တို့ကို တစ်ခုခု ဝယ်ကျွေးလေ့ရှိရာ ကျွန်တော်ငါးဖယ်ကြော်ဝယ်ခိုင်းလေ့ရှိသည်ကို သတိရမိသည်။ ငါးဖယ်ကြော် ပျင်းတွဲတွဲလေးများကို ရှောက်ရည်ညှစ်ကာ စားရသည့် အရသာကို အမှတ်ရနေမိသည်။

ကျိုက်ထော်မှထွက်လျှင် အမေက ပါလာသော ထမင်းချိုင့်ကိုဖွင့်ကာ ကျွန်တော်တို့ကိုထမင်းကျွေးသည်။ ငယ်ငယ်ကတည်းက ရေနွေးကြမ်းကြိုက်သော ကျွန်တော့်အတွက် သင်္ဘောပေါ်တွင်ပါလာသော ထမင်းဆိုင်မှ ရေနွေးတစ်အိုးဝယ်ပေးပါသည်။ ထိုစဉ်က ရေသန့် မပေါ်သေးသဖြင့် ထမင်းစားပြီးရေသောက်လိုလျှင် အိမ်မှယူလာသော ကန်ရေကိုပင် သောက်ကြရသည်။ ရေသန့်လည်း မရှိသေးပါချေ။

ရန်ကုန် နေ့သင်္ဘောကတစ်ခါတစ်ရံတွင် သင်္ဘောဆိပ်မရှိသည့် ဖိုးတုတ်၊ ရေကျော်စသည့်ရွာများ၌ ဆိုက်ကပ်သည်။ သင်္ဘောဆိပ်လည်းမရှိ၊ တံတားလည်းမရှိသဖြင့် မြစ်ကမ်းပါးဘေးတွင် သင်္ဘောကိုအလျားလိုက်ရပ်ကာ စက်သတ်ထားပြီးသင်္ဘောပေါ်၌ ပါလာသည့် ကုန်းဘောင်ဟုခေါ်သော အလျား ၁၀ ပေကျော်၊ အနံ နှစ်ပေနီးပါးခန့်ရှိသည့်သစ်သားပြားကြီးကို ကမ်းပေါ်သို့ ထိုးတင်ပေးလိုက်လျှင် သင်္ဘောစီးသူတို့က ထိုကုန်းဘောင်ပေါ်မှ လျှောက်ကာ သင်္ဘောပေါ်သို့ တက်လာကြရသည်။ ဘေးဘယ်ညာတွင်မည်သည့် ကိုင်စရာမှ မရှိဘဲ ကုန်းဘောင်ပေါ်မှ လမ်းလျှောက်တက်လာကြသူများကို မြင်တိုင်း ကျွန်တော်အသည်းယားခဲ့မိသည်။ သို့သော်လည်း ခရီးသည်များ ပြုတ်ကျသည်ကို တစ်ခါမှ မမြင်ဖူးခဲ့ပါချေ။

တွံတေးမရောက်မီ စျေးသည်များ လှေဖြင့် သင်္ဘောနားကပ်ကာမုန့်ဟင်းခါး တက်ရောင်းကြသည်။ သူတို့စျေးတက်ရောင်းကြပုံကို သင်္ဘောစီးဖူးသူတိုင်း ရင်တုန်ကြရသည်။ သင်္ဘောလာနေသည်ကိုမြင်လျှင် သူတို့က လှေကို မြစ်ကမ်းမှ ရေလယ်သို့ကြိုလှော်သွားကြပြီး သင်္ဘောက သူတို့လှေနားမှ အဖြတ်တွင် လှေဦးထိပ်မှ လူက သင်္ဘောပေါ်သို့ လှေကြိုးစကိုယူကာ လွှားခနဲ ခုန်တက်လိုက်သည်။ တစ်ပြိုင်တည်းမှာပင် သူ့လက်တွင်ပါလာသောကြိုးကို သင်္ဘော သံလက်ရန်း၌ အမိအရချည်လိုက်သည်နှင့် ပါလာသောလှေက တုံ့ခနဲ ဖြစ်ကာ သင်္ဘောနှင့်အတူ ဘေးမှ ပါလာတော့သည်။ ထိုအခါတွင် သူတို့သည် လှေပေါ်မှ မုန့်ဟင်းခါးတောင်းကို သင်္ဘောပေါ်သို့ ယူကာ ရောင်းချလေ့ရှိကြသည်။ ထမင်းတစ်လုတ်အတွက် သက်စွန့်ဆံဖျား လုပ်စားကြသည်မှာ ထိုခေတ် ထိုအခါကတည်းကပင်ဖြစ်ပေသည်။ အခန့်မသင့်လျှင် လှေမှောက်သွားနိုင်ရုံသာမက လှေက သင်္ဘောအောက်ဝင်သွားလျှင် ပန်ကာ အခုတ်ခံရကာ အသက်ဆုံးရှုံးရမည့် အန္တရာယ်ကို သိရှိကြသော်လည်း ဝမ်းစာအတွက်ရှာဖွေစားသောက်ကြရသည်သာပင်ဖြစ်သည်။

တွံတေးတူးမြောင်းထဲသို့သင်္ဘောဝင်လျှင် ရန်ကုန်ရောက်ရန် ၂၀ မိုင်မျှသာ လိုတော့သည်။ မြန်မာသက္ကရာဇ် ၁၂၃၄ခုနှစ်တွင် တူးဖော်ခဲ့သည့် တွံတေးတူးမြောင်းကို ’အောက်ကစပါး’ ဟု မှတ်သားခဲ့ကြသည်။ တွံတေးမြို့သည် မိုင်တိုင် ၁၅ မိုင် တွင်ရှိသည်။ တွံတေးတူးမြောင်းတစ်လျှောက် ရန်ကုန်ရောက်သည် အထိမိုင်တိုင်များကို တစ်ဖာလုံခြား စိုက်ထူထားသည်ကို ယနေ့တိုင် မြင်တွေ့နိုင်သည်။ ကျွန်တော်တို့က မိုင်တိုင်တွေမြင်တိုင်း အော်ဖတ်ခဲ့ကြသည်။ တွံတေးဆိပ်ကမ်းသည် မိုင်တိုင် ၁၅ မိုင် အမှတ်အသား၏ ရှေ့တည့်တည့်၌ရှိသည်။ ထိုနေရာတွင် ထုံးဖြူဖြူ စေတီငယ်တစ်ဆူရှိသည်။

တွံတေးမှ ရန်ကုန်သို့ သင်္ဘောမောင်းလာရာ၌ မိုင်တိုင် သုံးမိုင်ခွဲတွင် ရေစီးကြမ်းနေလျှင် ခနောင်တိုချောင်းမှ ရန်ကုန်သို့ ဝင်ရသည်။ လက်ပံခုံ အကောက်ရုံးဟုခေါ်သည့် ထိုနေရာ၌ ရေကြောင်းပြ အချက်ပြအမှတ်အသားပြထားသည့် တိုင်ရှည်ကြီးများကို မြင်တွေ့ကြရသည်။ သင်္ဘောမောင်းသူက ထိုသင်္ကေတများကို ကြည့်ကာ အန္တရာယ်ကင်းသည့် ရေလမ်းမှ မောင်းရသည်။ ရွှေတိဂုံ စေတီတော်ကြီးကို သင်္ဘောပေါ်မှ လှမ်း၍ ဖူးမြင်ကြရပြီ ဆိုလျှင် မကြာမီ ရန်ကုန်ရောက်တော့မည်။ တွံတေးတူးမြောင်းမှ ထွက်သည်ဆိုသည်နှင့် စင်ရော်ငှက်များက သင်္ဘောပတ်လည်သို့ရောက်ရှိလာကြသည်။ ခရီးသည်များ ပစ်ပေးသော အစာများကို ဖမ်းယူစားသောက်ကြသည့် စင်ရော်ငှက်များကို ယနေ့တိုင် ရန်ကုန်-ဒလ သင်္ဘောစီးသူတိုင်းမြင်နိုင်ကြသေးသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ကားလမ်းများ မရှိသေးမီက သင်္ဘောဖြင့်သာ ခရီးသွားခဲ့ကြရသည့်အတွက် ငယ်စဉ်က သင်္ဘောစီးခဲ့ရသည့် အရသာလေးများကို ယခုတိုင်ကြည်နူးစွာ မှတ်မိနေဆဲပင်ဖြစ်ပါသည်။ ယခုအခါတွင် မြစ်ဝကျွန်းပေါ်ဒေသများ၌ ကားလမ်းများ ပေါ်ပေါက်လာသဖြင့် မြစ်ဝကျွန်းပေါ်သွား လူစီးသင်္ဘောများပြေးဆွဲမှု နည်းပါးသွားခဲ့ပြီး ကုန်တင်သင်္ဘောများသာ အများဆုံး ပြေးဆွဲနေကြသည်။

တစ်နေ့တာ အချိန်ကြာအောင် စီးကြရသည့်သင်္ဘောခရီးစဉ်ကို ယခုအချိန်တွင် အပန်းဖြေခရီးတစ်ခု အဖြစ် သွားကြမည်ဆိုပါက သင်္ဘောစီးခများစွာ ပေးရပေလိမ့်မည်။ အပျော်စီးခရီးတိုလေးများ ရာသီဥတုသာယာချိန်၌ ရန်ကုန်ဆိပ်ကမ်းမှ ထွက်လေ့ရှိသော်လည်း အဝေး ဆုံး တွံတေးအထိသာရောက်သည်။ထိုခရီးတိုလေးများသည်ပင် သင်္ဘောခ များစွာ ပေးရသည်။ တွံတေးမြို့ထက်ကျော်လွန်ကာ သင်္ဘောဖြင့် သွားနိုင်သည့်တိုင် ကျွန်တော်တို့ ငယ်စဉ်က ရန်ကုန်သင်္ဘောစီးခဲ့ရသည့် ရသမျိုးကိုကား အပြည့်အဝရရှိနိုင်လိမ့်မည်ဟု မထင်မိပါချေ။

**သင်္ဘောလာနေသည်ကို မြင်လျှင် သူတို့က လှေကို မြစ်ကမ်းမှ ရေလယ်သို့ကြိုလှော်သွားကြပြီး သင်္ဘောက သူတို့လှေနားမှ အဖြတ်တွင် လှေဦးထိပ်မှ လူကသင်္ဘောပေါ်သို့ လှေကြိုးစကို ယူကာ လွှားခနဲ ခုန်တက်လိုက်သည်. . .**

# ချောင်းရေကြောင့်ယိုင်သွားသောမီးတိုင်များပြုပြင်ပြီးစီး၍ လျှပ်စစ်ဓာတ်အားပုံမှန်ပြန်လည်ရရှိ

**ကျွန်းလှ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အောက်တိုဘာ၉ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီးချောင်းရေမြင့်တက်လာမှုကြောင့် လိပ်ဆင်းတောင်-ဖာလောကျေးရွာကြားလျှပ်စစ်မီးတိုင်အချို့ ယိုင်သွား၍ဓာတ်အားဖြတ်တောက်ထားရကြောင်းသိရသည်။

အဆိုပါယိုင်သွား သော 11KV လိုင်းမီးတိုင်များကို အောက်တိုဘာ၁၆ရက် ရေကျချိန်တွင် ကျွန်းလှမြို့နယ်လျှပ်စစ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာသူရွာသားများက ဝိုင်းဝန်းကူညီပြုပြင်ပေးကြရာ ယခုအခါကျေးရွာများလျှပ်စစ်ဓာတ်အား ပုံမှန်ပြန် လည်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**





နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သစ်တောတက္ကသိုလ်(ရေဆင်း)၏ ၁၉၉၉-၂၀၀၅ ပညာသင်နှစ်အထိ သစ်တောသိပ္ပံဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ကြစဉ်။ (ခရိုင်ပြန်/ဆက်)

# အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲဆုချီးမြှင့်

**မော်လမြိုင် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် အဝေးရောက်နာယကဖလား ကရင်ပြည်နယ် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီက ပြိုင်ပွဲဝင်အသင်း ၂၇သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် အသင်းများကို ဆုများချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် အသက် ၁၂ နှစ်အောက် ကိုးယောက်တွဲပြိုင်ပွဲ၊ အသက် ၁၂ နှစ်အထက် ကိုးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲ၊ တစ်ဦးချင်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများကို ပြည်နယ်အမျိုးသမီး အားကစားဆပ်ကော်မတီ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုဖြင့် တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးသွားသော ဘားအံမြို့ အထက (၃) (အေရိုးဗစ်) အသင်းကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယက ဒေါ်မိစန်းခင်က ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်ထွဋ်**

# မိုးပွင့်အထူးစီမံချက် (အပိုင်း-၂) ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး အောက်တိုဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အောင်သာကျေးရွာ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အထူးစီမံချက်(အပိုင်း-၂) ဖြင့် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြတ်စိုး၊ မြို့နယ်ဦးစီးဌာနမှူး ဦးလှမျိုးထွန်းနှင့် ဝန်ထမ်းများအဖွဲ့က အောင်သာကျေးရွာတွင် မိုးပွင့်အထူးစီမံချက်(အပိုင်း-၂)ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၉၄ကတ်ကို ဒေသခံပြည်သူများအားပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**





## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ (၉)မီတာ ကွန်ကရစ်ကျောက်တိုင် အလုံး(၁၀၀)ကို မိတ္တီလာဓာတ်အားခွဲစက်ရုံဝင်းအရောက် ဈေးနှုန်း(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

## MINISTRY OF INDUSTRY, NO.(3) HEAVY INDUSTRIES ENTERPRISE LIME KILN IN CAUSTIC SODA FACTORY (THATONE) INVITATION TO SUBMIT EXPRESSION OF INTEREST FROM INVESTORS

1. No.(3)Heavy Industries Enterprise is planning to establish lime kiln which produce required lime for production of bleaching powder. So we would like to invite Expression of Interest (EOI) for local and foreign investors to undertake and build with Turnkey System for LIME KILN in CAUSTIC SODA FACTORY (THATONE) NEAR INN SHAE VILLAGE THATONE TOWNSHIP, MON STATE.

2. The required date for EOI submission and Information are available during office hour from 20th October 2015 to 2nd November 2015 the following address:

Technology Development Department
No.(3) Heavy Industries Enterprise
Ministry of Industry. Office No.(37), Nay Pyi Taw

More Information of the proposed the Lime Kiln could be enquired by calling +95 67 408129, +95 951 35910. EOI shall be submitted in person not later than Myanmar Time 14:00 hour on 20th November 2015.

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| စဉ် | တည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| ၁။ | ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးဝင်း၊ စစ်တွေမြို့ | ကာကွယ်ဆေးသိုလှောင်သည့် အအေးခန်း၊ အစည်းအဝေးခန်းမနှင့် ဧည့်ရိပ်သာ(၃)ထပ် အဆောက်အအုံ |

၂။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံ၏ ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များ၊ မီုငြမ်းပြုပုံစံများနှင့်ပတ်သက်၍လည်းကောင်း သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲ(နေပြည်တော်)ဖုန်း-၀၆၇-၄၃၁၁၄၃၊ ၀၆၇-၄၃၁၃၆၂သို့လည်းကောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲ (နေပြည်တော်) ဖုန်း-၀၆၇- ၄၃၁၄၃၆သို့လည်းကောင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့)မှ ၆-၁၁-၂၀၁၅ရက်(သောကြာနေ့)ထိ
**အိတ်ဖွင့်တင်ဒါလက်ခံမည့်ရက်** - ၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့)မှ ၂၀-၁၁-၂၀၁၅ရက်(သောကြာနေ့)ထိ ရုံးချိန်အတွင်း နံနက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီထိ
**တင်ဒါပုံစံတန်ဖိုး** - တင်ဒါပုံစံဈေးနှုန်းသည်လုပ်ငန်းတန်ဖိုးအလိုက် သတ်မှတ်ထားသော ဈေးနှုန်းအတိုင်းဖြစ်ပါသည်။
**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - အခြေခံကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)နေပြည်တော်။
**အိတ်ဖွင့်တင်ဒါလက်ခံမည့်နေရာ** - အခြေခံကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**
**နေပြည်တော်**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## (၉)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲဖိတ်ကြားခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၉)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါစာတမ်းဖတ်ပွဲအား ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

တင်သွင်းဖတ်ကြားမည့်စာတမ်းများကို အင်္ဂလိပ်လို အကျဉ်း/အကျယ်(Time New Roman, font 12, Line Spacing 1.5, Pages 12-15)ဖြင့် (Hard Copy, Soft Copy)များကို စာတမ်းရှင်အမည်နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖော်ပြပေး၍ ၂၀-၁၁-၂၀၁၅ရက် နောက်ဆုံးထားပေးပို့နိုင်ပါသည်။

**ကျင်းပမည့်ရက်** ။ ။ ၁၂-၁-၂၀၁၆ နှင့် ၁၃-၁-၂၀၁၆
**ကျင်းပမည့်အချိန်** ။ ။ နံနက် ၈း၃၀ နာရီ
**ကျင်းပမည့်နေရာ** ။ ။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စုဝေးခန်းမ
**ဆက်သွယ်ပေးပို့ရန်** ။ ။ ဒေါက်တာကျော်ငွေ (ပါမောက္ခ၊မြေဆီလွှာနှင့်ရေသိပ္ပံပညာဌာန)၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် Ph;09-43016930; Email:kngwet@gmail.Com

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တူညီဝတ်စုံချုပ်လုပ်သည့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၁၁-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးသို့ လာရောက်တင်သွင်းရန် ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်နယ်မီးသတ်ဦးစီးဌာန**
**ရှမ်းပြည်နယ်**
**ဖုန်း-၀၈၁-၂၁၂၁၆၇၁၊ ၂၀၆၈၁၀**

### မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်(အထက)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဒေးမင်းနော်၏ မိဘအမည်မှာ ဦးသန်းမင်း-ဒေါ်ခင်သန္တာထွေး ဖြစ်ပါသည်။ **ဦးသန်းမင်း-ဒေါ်ခင်သန္တာထွေး**

### မိဘအမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းအခန်း(C)မှ နန်းဖြူဖြူဝင်း၏ မိဘအမည်မှန်မှာ ဦးစိုင်းဇော်အောင်နှင့် ဒေါ်နန်းမြင့်အေး ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၉)ရွာသစ်(န) တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဇင်ထွေး၊ ဆဋ္ဌမတန်းမှ မလဲ့လဲ့အေးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်လွင် ၉/ပဘန(နိုင်)၂၄၀၈၆၆ ဖြစ်ကြောင်း။
**ဦးမောင်မောင်လွင်၉/ပဘန(နိုင်)၂၄၀၈၆၆**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၉)ရွာသစ်(န) တက္ကသိုလ်ဝင်တန်းမှ မမျိုးသန္တာထွေး၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၉/ပဘန(နိုင်)၀၂၇၃၀၆ ဖြစ်ကြောင်း။
**ဦးမြင့်လွင် ၉/ပဘန(နိုင်)၀၂၇၃၀၆**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၉)ရွာသစ်(န)တက္ကသိုလ်ဝင်တန်းမှ မခိုင်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးရန်အောင် ၇/ညလပ(နိုင်)၀၁၇၈၈၀ ဖြစ်ကြောင်း။
**ဦးရန်အောင် ၇/ညလပ(နိုင်)၀၁၇၈၈၀**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၁၀)လျှော်ဖြူကုန်း(န) တက္ကသိုလ်ဝင်တန်းမှ မအိအိငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၉/ပဘန(နိုင်)၀၂၄၉၅၉ ဖြစ်ကြောင်း။
**ဦးဝင်း ၉/ပဘန(နိုင်)၀၂၄၉၅၉**

## MPT and KSGM Co.,Ltd Joint Operation

**လိပ်စာ** - **အမှတ် (၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**E-mail** - **mptjob@mpt.net.mm**

**1. Legal Senior Staff/Legal Staff M/F (1) Posts**
- ဥပဒေဘွဲ့ရဖြစ်ရမည်။
- Myanmar, English ဘာသာစကား အထူးကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။
- ဥပဒေဆိုင်ရာစာချုပ်စာတမ်းများနှင့် စီးပွားရေးလုပ်ငန်းစာချုပ်များအား ကောင်းမွန်စွာနားလည်သဘောပေါက်သူ ဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။
- တယ်လီဖုန်းဝန်ဆောင်မှုနှင့်ပတ်သက်သော ဗဟုသုတများရှိရမည်။

**2. Translator/Interpreter M/F(2)Posts**
- ဘွဲ့ရဖြစ်ရမည်။
- Myanmar, English, Japanese ဘာသာစကားအထူးကျွမ်းကျင်စွာပြောဆိုနိုင်ရမည်။
- Translator/Interpreter လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။

**3. Finance Senior Staff M/F (4)Posts**
- B.Com (သို့)M.Com ဘွဲ့ရရှိသူဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး LCCI Level (III) ACCA အောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။
- အင်္ဂလိပ်အရေး၊ အပြောအထူးကျွမ်းကျင်ရမည်။

**4. Internal Audit (Team Manager/ Senior Staff) M/F (1)Posts**
- B.Com, B.Econ, B.Econ (Statistics) ဘွဲ့ရရှိသူဖြစ်ရမည်။
- စာရင်းစစ်အတွေ့အကြုံ (၃)နှစ်အထက်ရှိရမည်။
- စာရင်းစစ်ဆေးရေးအတွေ့အကြုံနှင့် ပတ်သက်သောသင်တန်းများသင်ကြားနိုင်ရမည်။
- အင်္ဂလိပ်အရေး၊ အပြောနှင့် Presentation အထူးကျွမ်းကျင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်ရမည်။

**5. Business Planning. M/F(1)Posts**
- စီးပွားရေးနှင့်သက်ဆိုင်သော ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။
- B.Com (CPA) (သို့) MBA ဘွဲ့ရဖြစ်လျှင် ဦးစားပေးမည်။
- Microsoft Excel အထူးကျွမ်းကျင်ရမည်။
- အင်္ဂလိပ်အရေး၊ အပြောနှင့် Presentation အထူးကျွမ်းကျင်ရမည်။

**6. Soft skill Trainers (Leadership, Productivity, Problem Solving, Decision Making, etc..)M/F(1)Posts**
- မဟာဘွဲ့ရရှိသူဖြစ်ရမည်။ MBA ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူဖြစ်ပြီး အထက်ဖော်ပြပါသင်တန်းများကို သင်ကြားပို့ချနိုင်ရမည်။
- အသက် (၃၅)နှစ်မှ (၅၀)အတွင်းဖြစ်ရမည်။
- ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုရှိရမည်။

**7. Call Center & Customer Care M/F(12)Posts**
- Planning တာဝန်အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- Training တာဝန်အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး Call Center နှင့် ပတ်သက်သောသင်တန်းများပို့ချနိုင်ရမည်။
- Operation Support ရာထူးအတွက် B.E (EC/IT) ဘွဲ့ရဖြစ်ရမည်။
- Call Center လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- ကွန်ပျူတာနှင့် အင်္ဂလိပ်စာအရေးပြောကျွမ်းကျင်သူဖြစ်ရမည်။

**8. Marketing Strategy.M/F(4)Posts**
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ(သို့) Marketing, Communications နှင့် Public relations တို့နှင့် ဆက်စပ်သော မဟာဘွဲ့ရရှိထားသူအား ဦးစားပေးမည်။
- Marketing နှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံဗဟုသုတများ ရှိရမည်။
- Telecom လုပ်ငန်းနှင့် ဆက်စပ်သော အလုပ်အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- Data များ စိစစ်ခွဲထားနိုင်ရမည်။
- Microsoft Excel နှင့် အင်္ဂလိပ်အရေးအပြောအထူးကျွမ်းကျင်ရမည်။

**9. Product Development. M/F (8)Posts**
- B.E (EC/IT) ဘွဲ့ရရှိရမည်။
- Marketing လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- အင်္ဂလိပ်အရေး၊ အပြောနှင့် Presentation အထူးကျွမ်းကျင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်ရမည်။

**10. Branding & Communication M/F (8) Posts**
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ(သို့) Marketing, Communications နှင့် Public relations တို့နှင့်ဆက်စပ်သော ဘွဲ့ရရှိထားသူအား ဦးစားပေးမည်။
- မီဒီယာ၊ ကြော်ငြာအေဂျင်စီများနှင့်လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံရှိရမည်။
- Marketing လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- အင်္ဂလိပ်၊ ကွန်ပျူတာနှင့် Presentation အထူးကျွမ်းကျင်ရမည်။

**11. Sales & Distribution (Manager/ Senior Staff/Sale Engineer) M/F (30)Posts**
- စီးပွားရေးနှင့်သက်ဆိုင်သောဘွဲ့ရရှိသူဖြစ်ရမည်။ Sales Engineer ရာထူးအတွက် B.E (EC/IT) ဘွဲ့ရဖြစ်ရမည်။
- Sales & Distribution လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- နယ်မြေဗဟုသုတနှင့်ဒေသတွင်းဗဟုသုတကျွမ်းကျင်ရမည်။
- အင်္ဂလိပ်အရေး၊ အပြောနှင့် Presentation အထူးကျွမ်းကျင်ရမည်။
- တယ်လီဖုန်းဝန်ဆောင်မှုနှင့်ပတ်သက်သော ဗဟုသုတများရှိရမည်။
- Computer (Microsoft Excel/Access) အထူးကျွမ်းကျင်ရမည်။

**12. Human Resources M/F (12)Posts**
- ဘွဲ့ရဖြစ်ရမည်။
- English (သို့) Japanese ဘာသာစကား အထူးကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။
- Computer (Microsoft Excel/Word) အထူးကျွမ်းကျင်ရမည်။
- HR လုပ်ငန်းများဖြစ်သော ဝန်ထမ်းခန့်ထားရေး၊ ဆက်ဆံရေး၊ လေ့ကျင့်သင်ကြားရေးစီစဉ်မှုများ၊ လစာပေးဝေရေးနှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိရမည်။

လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံ (၃)ပုံ၊ ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာမူရင်းတို့နှင့်အတူ ၁၀-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါလိပ်စာသို့ တိုက်ရိုက်(သို့မဟုတ်) E-mail mptjob@mpt.net.mm သို့ လျှောက်ထားနိုင်ပါသည်။

ချစ်သမီးလေး
## သက်ရတနာကျော်ဝင်း @ Grace Gloria Wan
# မွေးနေ့ မင်္ဂလာ ဆုမွန်လွှာ

(၂၀- ၁၀- ၂၀၁၅)ရက်တွင် ကျရောက်သည့် ချစ်သမီးလေး **သက်ရတနာကျော်ဝင်း @ Grace Gloria Wan (11th Grader,ISY)** ၏ (၁၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပညာပြည့်ဝ နှလုံးလှလျက် မိဘကျေးဇူးအထူးသိတတ်ပြီး လိမ္မာယဉ်ကျေးသော၊ အများအကျိုး သယ်ပိုး ထမ်းရွက်နိုင်စွမ်းသော သမီးကောင်းရတနာလေးအဖြစ်ဖြင့် ပျော်ရွှင်ချမ်းမြေ့သောဘဝကို ဖေဖေ၊ မေမေတို့နှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

**ချစ်ဒယ်ဒီ ဒေါက်တာအောင်ကျော်ဝင်း + ချစ်မာမီ ဒေါက်တာသက်သက်ခိုင်**
**နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်**
**Forever Gems by ရွှေနန်းတော်**
**Jewel Collection Manufacturing Co.,Ltd**
**United GP Development Co.,Ltd @ 68 Residence**

ချစ်သမီးလေး
## သက်ရတနာကျော်ဝင်း @ Grace Gloria Wan
# မွေးနေ့ မင်္ဂလာ ဆုမွန်လွှာ

(၂၀- ၁၀- ၂၀၁၅)ရက်တွင် ကျရောက်သည့် ချစ်သမီးလေး **သက်ရတနာကျော်ဝင်း @ Grace Gloria Wan (11th Grader,ISY)** ၏ (၁၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်း များစွာကို မိသားစုနှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်သော ဘွားဘွား ဒေါ်ခင်မြမြ၊ ဦးဦး၊ အန်တီနှင့် ညီအစ်ကိုမောင်နှမများ**

ချစ်သမီးလေး
## သက်ရတနာကျော်ဝင်း @ Grace Gloria Wan
# မွေးနေ့ မင်္ဂလာ ဆုမွန်လွှာ

(၂၀- ၁၀- ၂၀၁၅)ရက်တွင် ကျရောက်သည့် ချစ်သမီးလေး **သက်ရတနာကျော်ဝင်း @ Grace Gloria Wan (11th Grader,ISY)** ၏ (၁၆)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် လိုရာဆန္ဒ ပြီးပြည့်ဝပြီး ပျော်ရွှင်ကြည်နူးဖွယ် မွေးနေ့ပေါင်းများစွာကို မိသားစုနှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

**နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂)ဆိုင်စလုံးမှ ဝန်ထမ်းများ**
**Forever Gems by ရွှေနန်းတော်မှ ဝန်ထမ်းများ**
**Jewel Collection Manufacturing Co.,Ltd မှ မန်နေဂျာ/ဝန်ထမ်းများနှင့်**
**United GP Development Co.,Ltd @ 68 Residence မှ မန်နေဂျာ/ဝန်ထမ်းများ**

# မွေးနေ့ဆုတောင်း

၂၀၁၄-၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော တစ်ဦးတည်းသော ချစ်သားကြီး မောင်ဟိန်းထက်သူ(ခ)ဂူဂူးရဲ့ ၂၀-၁၀-၂၀၁၅ ရက်တွင် ကျရောက်သော (၁၆)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ လိမ္မာသော သားလေး စိတ်ချမ်းသာခြင်း ကိုယ်ကျန်းမာခြင်းပြည့်စုံပါစေလို့ ဖေဖေ၊ မေမေနှင့် ညီမလေးများက ဆုတောင်းပေးပါသည်။

| | | |
|---|---|---|
| ဖေဖေ | - | ဦးထွန်းထွန်းဦး(ခ)War Cha |
| မေမေ | - | ဒေါ်စိုးစိုးသက် |
| ညီမလေး | - | ငြိမ်းစုသက်(ယုယု)GRADE 4'D အထက(၂)လသာ |
| ညီမလေး | - | ခွန်းဆင့်သက်(လုလု)GRADE 4'D အထက(၂)လသာ |

အမြှာညီအစ်မ
မြတ်မိခင်ဆေးဆိုင်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့

## တပ်မတော်(ကြည်း)၊ ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၆) (၃၆)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့
# ဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၆) စည်သူတပ်ခွဲမှ သူငယ်ချင်းများနှင့် မိသားစုဝင်များ၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားအား အောက်ပါအစီအစဉ်များအတိုင်း ကျင်းပသွားမည်ဖြစ်ပါသဖြင့် တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

- **သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ကျဆုံး/ကွယ်လွန် သူငယ်ချင်းများအတွက် အမျှပေးဝေခြင်း/ဆရာများကို ကန်တော့ခြင်း။**
  ၂၇-၁၀-၂၀၁၅ ရက်၊ အင်္ဂါနေ့ နံနက် ၁၀း၀၀ နာရီ
  သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဒေါပုံမြို့နယ် (မိသားစုများပါ)
- **မိတ်ဆုံညစာစားပွဲ**
  ၂၇-၁၀-၂၀၁၅ ရက် (အင်္ဂါနေ့) ညနေ ၆း၀၀ နာရီမှ ၉း၀၀ နာရီအထိ
  Kone Myint Thar Restaurant (၇)မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ (ဇနီးများပါ)
- **ဂေါက်သီးရိုက်ပြိုင်ပွဲ**
  ၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၆း၀၀ နာရီ၊ တပ်မတော်ဂေါက်ကွင်း

**ဆက်သွယ်ရန်**
မောင်မောင် ဖုန်း-၀၉-၂၀၀၅၁၆၂၊ ပြည့်စုံ ဖုန်း-၀၉-၅၀၀၇၉၂၉၊ သန်းအောင် ဖုန်း-၀၉-၅၀၄၁၃၇၈၊
ဇော်ဝင်း ဖုန်း-၀၉-၅၁၇၁၉၈၇၊ မျိုးအောင် ဖုန်း-၀၉-၇၃၂၀၆၂၂၆၊ မြင့်ဝင်း ဖုန်း-၀၉-၇၈၈၈၀၀၃၅၅

## ငွေးချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ တရားမကြီးမှုအမှတ်-၅၂**

ဦးကျော်ဟန်မိုး **နှင့်** ဒေါ်စိန်
(၎င်း၏ အခွင့်ရကိုယ်စားလှယ်
ဦးခင်မောင်ဝင်း)
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၁၈)လမ်းအနောက်၊ အမှတ် ၇၄၃/ခ နေ ဒေါ်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "(၂၅-၁၁-၂၀၁၂)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၆ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဘက်စီဘာ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၉)၊ ရွာသစ်(န) အဌမတန်းမှ မပြည့်ပြည့်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၉/ပဘန(နိုင်)၀၉၁၀၄၂ဖြစ်ပါကြောင်း။ **ဦးသန်းလွင် ၉/ပဘန(နိုင်)၀၉၁၀၄၂**

## ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၉)၊ ရွာသစ်(န)ကျောင်း အဌမတန်း(B)မှ မောင်ဟန်မိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/ပဘန(နိုင်)၀၀၀၇၈၉ ဖြစ်ပါကြောင်း။
**ဦးခင်မောင်မြင့် ၉/ပဘန(နိုင်)၀၀၀၇၈၉**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်
မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၉)၊ ရွာသစ်(န)ကျောင်း အဌမတန်းမှ မောင်လွှမ်းမိုးနိုင်နှင့် တက္ကသိုလ်ဝင်တန်းမှ မောင်နေလင်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုး ၉/ပဆန(နိုင်)၀၂၈၀၇၃ ဖြစ်ကြောင်းနှင့် မောင်နေလင်းအောင်၏ မွေးသက္ကရာဇ်မှန်မှာ ၁၁-၁၂-၁၉၉၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
တောင်ကြီးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(က)မှ မတင်တင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစီးမင်ဟုံ ဖြစ်ပါကြောင်း။
**ဦးစီးမင်ဟုံ**

## ကန့်ကွက်နိုင်ပါကြောင်း
ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၅၇၊ မြေကွက်တည်နေရာ အမှတ်(၉၁)၊ မြို့မလမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးမောင်မောင်မြင့်) CM-၀၁၀၇၀၉ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်ကြည်ကြည်နိုင်၏ ဖခင်အရင်း ဦးသန်းနိုင် ကွယ်လွန်ကြောင်း၊ ဒေါ်ကြည်ကြည်နိုင်သည် ဖခင်ဦးသန်းနိုင်နှင့် မိခင်ဒေါ်သောင်းကြည်တို့၏ တစ်ဦးတည်းသောသမီးဖြစ်ကြောင်း၊ မိခင်ဖြစ်သူ ဒေါ်သောင်းကြည်သည် လူပျိုဖြစ်သော ဦးမောင်မောင်မြင့်နှင့် အိမ်ထောင်သစ်ထူထောင်ခဲ့ပြီး ပထွေးဖြစ်သူ ဦးမောင်မောင်မြင့်နှင့် မိခင် ဒေါ်သောင်းကြည်တို့၌ သားသမီးထွန်းကားခဲ့ခြင်းမရှိကြောင်း၊ ဒေါ်သောင်းကြည်(မိခင်)(ကွယ်လွန်)၊ ဦးမောင်မောင်မြင့်(ပထွေး)ဖြစ်သူ ကွယ်လွန်ကြောင်း ကျမ်းကျိန်လွှာနှင့် ဒေါ်သောင်းကြည်နှင့် ဦးမောင်မောင်မြင့်တို့၏ သေစာရင်းများတင်ပြ၍ ပထွေးဖြစ်သူ ဦးမောင်မောင်မြင့်ပိုင်ဆိုင်သော အထက်ပါမြေကွက်အား ဒေါ်ကြည်ကြည်နိုင် ၁၂/ဒပန(နိုင်)၀၂၃၁၄၆ မှပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်
ရေဦးမြို့နယ်၊ ထန်းတော ဗောဓိအထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မမြစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးညွန့်နိုင် ၅/အရတ(နိုင်)၀၇၆၃၇၉ ဖြစ်ပါကြောင်း။
**ဦးညွန့်နိုင်**

## ဖခင်အမည်မှန်
ရေဦးမြို့နယ်၊ ထန်းတော ဗောဓိအထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မမြင့်မြင့်ငွေ၏ ဖခင်အမည်မှန်မှာ ဦးတာ ၅/ဒပယ(နိုင်)၀၆၂၄၈၀ ဖြစ်ပါကြောင်း။
**ဦးတာ**


စိုးဇင်စာပေ၏ စာအုပ်အမှတ် (၂၀)



ဒေါက်တာ စိုးလွင်
ပွင့်သောပန်းတိုင်း လှပဖို့ သားဆက်ခြားကြစို့
ထွက်ပြီ
Tel:01 228297,
09 5049783,
09 450040767

# သမ္မတကြီး၏ သက်တမ်းကာလအတွင်း တိုင်းပြည် ကောင်းစားရေးအတွက် မြစ်ဆုံစီမံကိန်းကို အပြီးသတ်ရပ်ဆိုင်းလိုက်မယ်ဆိုရင် ဘယ်လောက်များကောင်းလိုက်မလဲ

**ခရီးဆက်ပါ သမ္မတကြီးခင်ဗျား**

ကြယ်စင်သာ၏ဆောင်းပါး ➢ စာမျက်နှာ-၆



၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး ၁၅နှစ်စီမံကိန်းဖြင့် ဆောင်ရွက်မည်

သတင်း-မြင့်မောင်စိုး ➢ ဓာတ်ပုံ-မောင်ကျော်ကြီး



နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် (Sport Master Plan) တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြန်မာ့အားကစားစနစ်တကျနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် အယ်တိုင်းယား ဂရု (Altair Group) နဲ့ အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်း ၂၀၁၅-၂၀၃၀ (Sport Master Plan 2015-2030) ကို ရေးဆွဲထားပြီး ဖြစ်ပါတယ်။ ဒီ (Sport Master Plan) ကို ပြည်ထောင်စုအစိုးရမှာလည်း

စာမျက်နှာ ၁၀ ကော်လံ ၁ ❖

နိုင်ငံတကာအဆင့်မီ ၂၀၁၃ ဆီးဂိမ်း ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအား တွေ့ရစဉ်။

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၁၀-၂၀၁၅

| | |
|---|---|
| မော်ဘီမြို့ | ၀ ဒသမ ၅၉ လက်မ |
| ပေါက်မြို့ | ၀ ဒသမ ၄၇ လက်မ |
| မဒေါက်မြို့ | ၀ ဒသမ ၃၉ လက်မ |
| သိမ်ဇရပ်မြို့ | ၀ ဒသမ ၃၅ လက်မ |
| လပွတ္တာမြို့ | ၀ ဒသမ ၂၈ လက်မ |

### တိမ်အသင့်အတင့်ဖြစ်ထွန်း

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

### လှိုင်းအသင့်အတင့်ရှိ

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

## "စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေး မြင့်လေ၊ လူမှုဘဝ ပိုကောင်းလေ"

## "Better Data, Better Lives"

ကမ္ဘာ့စာရင်းအင်းနေ့ဂုဏ်ပြုဆောင်းပါး၊ စာမျက်နှာ-၁၀

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

